ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-1-2008) (၅၅၆၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘာရိန်း ဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလတန်ဟာဂျီဟာဆန် နယ်လ်ဘိုလ်ကီးယား၊ မူအစ်ဇာဒင်ဝါဒူလာ၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၁၁နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ကာကွယ်ရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ထူးခြားသည့် ညအပူချိန်များ

၁၅-၁-၂၀၀၈

ဟားခါး	(-၂) ဒီဂရီစင်တီဂရိတ်
နမ့်စန်နှင့်ပင်လောင်း	(၁) ဒီဂရီစင်တီဂရိတ်စီ
မိုးကုတ်နှင့်ပြင်ဦးလွင်	(၄) ဒီဂရီစင်တီဂရိတ်စီ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆–၁–၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောသစ်ပင် ချစ်ခင်မြတ်နိုး နှစ်စဉ်တိုးချဲ့စိုက်ပျိုး

ကမ္ဘာမြေတစ်ဝန်းတွင် လေထုပူနွေးလာမှုနှင့်အတူ သစ်တောများ ပြုန်းတီးလာလျက်ရှိသည်။ သစ်ပင်၊ ဝါးပင်၊ သစ်တောများပြုန်းတီးလာသဖြင့် ရာသီဥတု မမျှမတဖြစ်လာသည်။ မြေဆီသြဇာများ ခန်းခြောက်ခြင်း၊ မြစ်ချောင်းများ ရေလျှံခြင်း၊ သဲကန္တာရဖြစ်ပေါ်လာခြင်း စသည့်သဘာဝဘေးအန္တရာယ်များကိုပါ တွေ့ကြုံနေကြရသည်။

ယနေ့အချိန်အခါတွင် နိုင်ငံအများအပြား၌ ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးနိုင်ရေးအတွက် သစ်တောသစ်ပင်များကို တိုးချဲ့စိုက်ပျိုးနေကြသည်။ နိုင်ငံအချို့တွင် သစ်တောများပြန်လည်ဖြစ်ထွန်းလာရေး၊ သဲကန္တာရအတွင်း သစ်တောများ ဖြစ်ပေါ်လာစေရေးနှင့် သဲကန္တာရ ကျယ်ပြန့်လာမှုကို တားဆီးရေးအတွက် သစ်ပင်သစ်တောများ ပြန်လည် စိုက်ပျိုးရေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်နေကြရသည်။

မြန်မာနိုင်ငံတွင် သစ်တော၊ ရေမြေ၊ တွင်းထွက် သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများပူးပေါင်း၍ ဒေသအလိုက် သစ်တောများ၊ သဘာဝနယ်မြေများ၊ သဘာဝစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝအလျောက် ကျွန်းသစ်ပေါက်ရောက်သော နိုင်ငံဖြစ်ပြီး ကျွန်းစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော ဧရိယာပမာဏလည်း များပြားသည်။ ပဲခူးရိုးမသည် ကျွန်းသစ်ပေါက်ရောက်ဖြစ်ထွန်းရာ ဒေသဖြစ်သဖြင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည် တည်မြဲနေစေရေးအတွက် သစ်တောစိုက်ခင်းများကို တည်ထောင်ထိန်းသိမ်းလျက်ရှိသည်။ ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း သစ်တောစိုက်ခင်း ဧကခြောက်ထောင်ကျော် တည်ထောင်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန် ပျိုးပင်ခုနစ်သောင်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

အပူပိုင်းဒေသ ၁၃ ခရိုင်တွင်လည်း ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ သစ်တောများ ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။ နေပြည်တော် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်းရှိ ဧက ၁၀၀၀ ကျွန်းအထူးစိုက်ခင်း၊ နေပြည်တော် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်း ကျွန်းအထူးစိုက်ခင်း၊ တောင်တွင်းကြီးမြို့နယ် ရန်ပါယ်ကြိုးဝိုင်း ကျွန်းအထူးစိုက်ခင်းတို့ အောင်မြင်လျက်ရှိသည်။

ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားအတွက် အားထားရသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အကျိုးပြုလျက်ရှိသည်။ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့နှင့် ဒေသခံပြည်သူများအားလုံးက သစ်တောသစ်ပင် ချစ်ခင်မြတ်နိုး ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ရာသီဥတု ညီညွတ်မျှတပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာ လှပနေမည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူများဖြစ်ကြသော ဦးသိန်းဟံ(တရားရုံးချုပ်ရှေ့နေ)–ဇနီး ဒေါ်သန်းနွဲ့ (၉၆)နှစ်အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၃လမ်းနေ တူ၊ တူမ၊ မြေးများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကရေ ဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ–နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင် အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

စာရင်းစစ်များလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၈)သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်များ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၈)သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ သင်တန်းသို့သင်တန်းသား၊ သင်တန်းသူ ၄၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်သည်။

အစိုးရဌာနအဖွဲ့အစည်းများမှဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် သင်တန်းများနှင့် စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကို စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ မူးယစ်ဆန့်ကျင်ရေးသင်တန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းသည် ဗဟိုအလုပ်အမှုဆောင် နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ ဒေါ်တင်တင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ရောက်ရှိပြီး မူဆယ်မြို့၌ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ မူဆယ်ခရိုင်ရှိ လူငယ်ထုအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေးအတွက် ဘဝတွက်တာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌသည် လားရှိုးခရိုင်တွင် ရောဂါသုံးမျိုး ရန်ပုံငွေအဖွဲ့(3D FUND)နှင့် ပူးပေါင်းဆောင်ရွက်နေသော နယ်မြေသုံးခုဖြစ်သည့် လားရှိုးအမှတ်(၉)ရပ်ကွက် နောင်မွန်ရွာနှင့် နမ့်ပေါင်ကျေးရွာတို့၌ ကျင်းပလျက်ရှိသော မူးယစ်ဆေးသုံးစွဲသူများအကြား ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌသည် မန္တလေးမြို့သို့ရောက်ရှိပြီး ပြည်ကြီးတံခွန်မြို့နယ်၌ အလားတူ ဖွင့်လှစ်ထားသော သင်တန်း၏ လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း၌ ဆောက်လုပ်လျက်ရှိသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ် အဆောက်အအုံအတွက် အလှူရှင်များဖြစ်ကြသည့် မန္တလေးတိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ငွေကျပ် ၂၀၀၀၀၀၊ ဦးမြတ်ကျော်–ဒေါ်မြင့်မြင့်(မြတ်ကျော်စက်မှုလက်မှု၊ စက်မှုဇုန်–၁ မိသားစု)၊ ဦးအောင်သန်း–ဒေါ်သန်းသန်း၊ သမီး ဒေါက်တာဖြူဖြူသိန်း (ကြယ်သုံးလုံးပဲခွဲစက်မိသားစု)နှင့် ဒေါက်တာဒေါ်တင်အေးကြည် မိသားစုတို့က ငွေကျပ်တစ်သိန်းစီနှင့် တရားရုံးချုပ်ရှေ့နေ ဒေါ်လှလှအောင်က လှူဒါန်းငွေကျပ် ၅၀၀၀၀ စုစုပေါင်းငွေကျပ် ၅၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌကလက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာဝန်အသင်း(ရန်ကုန်) ဗုဒ္ဓဘာသာအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) ဗုဒ္ဓဘာသာအဖွဲ့၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၃ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်ကြည်ကြည်က အဖွင့်အမှာစကားပြောကြားသည်။

၂၀၀၇ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို ဒေါက်တာခင်သူဇာစိုးက လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဒေါက်တာတင်ခင်လေးကြီးက လည်းကောင်း ဖတ်ကြားအတည်ပြုသည်။ ၂၀၀၈–၂၀၀၉ခုနှစ် ဗုဒ္ဓဘာသာအလုပ်အမှုဆောင်အဖွဲ့သစ်ကို ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်ကြည်ကြည်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်ဦးမြင့်ပါ ၁၃ဦးကို ရွေးချယ်တင်မြှောက်ပြီး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(၃၂)

ဒေသကောလိပ် ရပ်ရှင်လုပ်ငန်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြို့ အမှတ် ၂ ဒေသကောလိပ် ရုပ်ရှင်လုပ်ငန်းအတတ်ပညာ ၁၉၇၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂ရက် စနေနေ့ နံနက် ၉ နာရီတွင် ရုပ်ရှင်အစည်းအရုံးခန်းမ (ဝက်ပါ)လမ်း၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများထည့်ဝင်လိုပါက ဦးအောင်ဇော်ဟိန်း ဖုန်း–၂၂၄၉၂၀၊ ၂၂၉၂၂၃၊ ဒေါ်လှလှမြင့် ဖုန်း–၀၉–၅၁၈၁၉၂၄နှင့် ဒေါ်မြင့်မြင့်ထက် ဖုန်း–၂၀၁၈၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

(က–ပ)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည် G.T.I ကျောင်းဆင်း အင်ဂျင်နီယာများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၃ ရက်(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ဝေဇယန္တာလမ်းနှင့် လေးဒေါင့်ကန်လမ်းထောင့် Eagle Garden Restaurant(ယခင်စကိတ်ကွင်း)၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း–၀၉၅၀၀၄၅၂၅၊ ဦးတင်အေး ဖုန်း–၀၉၅၀၀၃၇၈၂၊ ဦးအောင်ထူး(ကာတွန်းကိုရွှေထူး–ပြည်) ဖုန်း–၀၉၅ ၀၁၆၈၇၆၊ ဦးလှဌေး ဖုန်း–၀၉၅ ၁၃၂၇၁၄၊ ဦးဝေလွင် ဖုန်း–၀၉၅ ၁၃၂၇၇၄ နှင့် ဦးအောင်မိုး ဖုန်း–၀၉၅ ၁၅၃၉၉၅ တို့သို့ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၂)ဒဂုံ(မြို့မ) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

အထက(၂)ဒဂုံကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည် ဖြစ်သဖြင့်ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက အောင်မိုးသိန်း(၁၉၉၇) ဖုန်း–၀၉၉၉၂၇၀၂၁၊ မဆွေမျိုးမြင့် (၁၉၈၀) ဖုန်း–၅၇၇၄၀၉၊ ဒေါက်တာအောင်ကျော်လင်း၊ မစပါယ် (၁၉၈၃)(၁၉၈၅) ဖုန်း–၂၂၄၇၄၄၊ မစန်းစန်းဝင်း(၁၉၈၅)ဖုန်း ၃၈၃၇၃၇၊ဒေါက်တာလှလှချို(၁၉၈၆) ဖုန်း–၀၉၅၁၅၉၁၇၀၊ တင်ရည်ရည်ဦး(၁၉၈၈)ဖုန်း–၅၂၄၃၀၀၊ ဗညားကောနန်(၁၉၉၀) ဖုန်း–၀၉ ၈၀၃၀၇၇၈၊ အောင်လင်းမြင့် (၁၉၉၀) ဖုန်း–၀၉၅၁၈၉၁၃၂၊ သူရ(မြို့မခင်ယပ်တောင်) (၁၉၉၅) ဖုန်း–၅၃၆၁၄၃ နှင့် ကျော်မင်းဟန်(၁၉၉၉) ဖုန်း–၀၉ ၅၁၃၅၆၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ ဝိပဿနာစေတီတော်မြတ်ကြီးအတွက် (၁၁)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် (၁၁)ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မကောင်းသောအမှု မပြုပါနှင့်

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်မိပြီးသော် စိုးရိမ်ပူပန် နောင်တရ၏။
ထိုအမှု၏ ဆိုးကျိုးကိုလည်း မျက်ရည်စက်လက် ငိုကြွေးခံစားရ၏။
ထိုအမှုကို မကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၇)

မှန်ကန်သောမီဒီယာကိုအသုံးပြုလျက် အမျိုးသားအကျိုးစီးပွား တိုးတက်အောင်ကြိုးပမ်း မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို မီဒီယာစွမ်းပကားဖြင့် ကာကွယ်ရပ်တည်ထိန်းသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုချီးမြှင့်ပွဲတွင် အတ္ထုပ္ပတ္တိဘာသာရပ်ဆုရ မိုးမိုးတာရောစန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၅

ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၇) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၏ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီနာယကများ၊ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မြန်မာစာအဖွဲ့၊ မြန်မာ့သမိုင်းကော်မရှင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် စာပေဆုရရှိကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့ခေတ်သည် မီဒီယာခေတ် ဖြစ်သည်နှင့်အညီ နိုင်ငံတိုင်းသည် မီဒီယာ၏ ထိုးဖောက်မှုကိုခံနေရပြီး ပြည်သူများ၊ လူငယ်များအပေါ် သြဇာလွှမ်းမိုးမှုရှိကြောင်း၊ မီဒီယာ၏ စွမ်းပကားကြောင့် ဘဝမှန်ရောက်ကာ တိုးတက်မှုရစေသကဲ့သို့ ဘဝလမ်းကြောင်းပျောက်ကာ ပျက်စီးသည်အထိလည်း ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မှန်ကန်သော မီဒီယာကို အသုံးပြုလျက် အမျိုးသားအကျိုးစီးပွား တိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရန် အရေးကြီးကြောင်း။

နိုင်ငံတော်က စာပေလောကတိုးတက်မြင့်မားစေရေးအတွက် အမျိုးသား စာပေဆုအပါအဝင် စာပေဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိသကဲ့သို့ စာပေဆုရသူများအား ဆုငွေများ တိုးမြှင့်၍ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများက စာပေလောက တိုးတက်စေရန် တစ်ထောင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုချီးမြှင့်ပွဲတွင် သမိုင်းဘာသာရပ် (အင်္ဂလိပ်ဘာသာ)ဆုရ ဒေါ်ကြန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်နေရာမှ အထောက်အကူပြုသည့်အနေဖြင့် ယခုကဲ့သို့ စာပေဆုများကို ရွေးချယ်ချီးမြှင့်နေသည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိပြီး အမျိုးသား အကျိုးစီးပွားဘက်က ရပ်တည်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံနှင့် လူမျိုးအကျိုးအတွက် အလားတူ ဖော်ဆောင်လျက်ရှိကြောင်း၊ မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို မီဒီယာစွမ်းပကားဖြင့် ကာကွယ်ရပ်တည် ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ စာပေလောကသားများသည် အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားသည့် အတွေးနှင့် အမျိုးသားရေးအမြင်တို့ဖြင့် စာပေလောကဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံနှင့် လူမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်သွားကြရန် အရေးကြီးကြောင်း၊ ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအား စာပေဖြင့် အသိပညာကြွယ်ဝရေး၊ ဘဝအမြင်ထက်သန်ရေးတို့ကို အထောက်အကူပြုနေသည်ဖြစ်၍ နိုင်ငံတော်ကရော မိမိတို့ ဝန်ကြီးဌာနကပါ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ စာပေဆုရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ၊ စာပေဆုရွေးချယ်ရေး ကော်မတီနာယက ဦးသိန်းထွန်း ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှေးဟောင်းကျမ်းဘာသာရပ် (အင်္ဂလိပ်ဘာသာ)ဆုရ ဦးထွန်းရီအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် စာပေဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက စာပေဆု ရွေးချယ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာပေဆုရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမျိုးသန့် (မောင်ဆုရှင်)က စာပေဆုရ စာအုပ်များနှင့် စာမူများအပေါ် ဆုရွေးချယ်ရေးကော်မတီ၏ မှတ်ချက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၇)စာပေဆုများကို ချီးမြှင့်ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက **“ကိုယ်နှင့်သက်ကို နှင်းဆက်အပ်မည်”** စာအုပ်ဖြင့် အတ္ထုပ္ပတ္တိဘာသာရပ်ဆုရ မိုးမိုးတာရောစန်အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက Selected Writings of Daw Kyan (Bilingual) စာအုပ်ဖြင့် သမိုင်းဘာသာရပ် (အင်္ဂလိပ်ဘာသာ)ဆုရ ဒေါ်ကြန်အားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

ကြေးမုံ The Mirror နိုင်ငံတကာနောက်ဆုံးသတင်းများ

ဇန်နဝါရီ ၁၅ ရက်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် အမေရိကန်သံရုံးမှ ကားတစ်စီး ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘေရွတ်မြောက်ပိုင်း၌ အမေရိကန်သံရုံးကား ဗုံးခွဲခံရ လက်ဘနွန်လေးဦး သေဆုံး၊ သံရုံးဝန်ထမ်းတစ်ဦး ဒဏ်ရာရ

ဘေရွတ် ဇန်နဝါရီ ၁၅

လက်ဘနွန်နိုင်ငံ ဘေရွတ်မြောက်ပိုင်းတွင် ဇန်နဝါရီ ၁၅ရက်က အမေရိကန်သံရုံးမှကားတစ်စီး ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် လက်ဘနွန်လူမျိုးလေးဦးသေဆုံးပြီး ဒေသခံသံရုံးဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်နှင့် လက်ဘနွန်တာဝန်ရှိသူများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အမေရိကန်သံရုံးကားအတွင်း သံရုံးအလုပ်သမားနှစ်ဦးရှိနေကြောင်း၊ ဗုံးပေါက်ကွဲသံကို ဘေရွတ်မြို့တစ်ဝန်းမှကြားခဲ့ကြရပြီး မီးခိုးလုံးကြီးတက်လာခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ရှောင်မက္ကောနဲလ်က ဝါရှင်တန်တွင် ပြောကြားသည်။

မော်တော်ယာဉ်မောင်းသူမှာ အနည်းငယ်ဒဏ်ရာရခဲ့ပြီး အခြားသံရုံးဝန်ထမ်းတစ်ဦးမှာ ထိခိုက်မှုမရှိကြောင်း ၎င်းက ပြောကြားသည်။

လက်ဘနွန်နိုင်ငံတွင် ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှစ၍ သမ္မတ ရွေးချယ်တင်မြှောက်နိုင်ခြင်းမရှိဘဲ နိုင်ငံရေးသဘောထားကွဲလွဲမှုများ ပြင်းထန်လျက်ရှိသည်။ အမေရိကန်သံအမတ်ကြီးအား နှုတ်ဆက်ပွဲပြုလုပ်ရန်ရှိနေစဉ်အတွင်း ယခုကဲ့သို့ ယင်းဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ **အင်တာနက်။**

ကဘူးရှိ ဇိမ်ခံဟိုတယ် အကြမ်းဖက်တိုက်ခိုက်ခံရ အမေရိကန်နိုင်ငံသားတစ်ဦးအပါအဝင် ရှစ်ဦးသေဆုံး

ကဘူး ဇန်နဝါရီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ ဇိမ်ခံဟိုတယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လူလေးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ကဘူးရှိ ဆာရီနာဟိုတယ်ကို တိုက်ခိုက်ရန် စီစဉ်ညွှန်ကြားခဲ့သူမှာ ပါကစ္စတန်နိုင်ငံရှိ သောင်းကျန်းသူခေါင်းဆောင်တစ်ဦးနှင့် အဆက်အသွယ်ရှိသည့် စစ်သွေးကြွတစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စစ်သွေးကြွများသည် ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီခန့်တွင် ဆာရီနာဟိုတယ်ကို စီးနင်းတိုက်ခိုက်ခဲ့သည်။ ၎င်းတို့သည် ဟိုတယ်၏ အားကစားလေ့ကျင့်ရေးခန်းမ၌ရှိနေသော အနောက်တိုင်းသားခရီးသည်များကို သတ်ဖြတ်ရန် ရည်ရွယ်ခဲ့သည်။ ဟိုတယ်တိုက်ခိုက်ခံရရာတွင် ရှစ်ဦးသေဆုံးပြီး သေဆုံးသူများအနက်တစ်ဦးမှာ အမေရိကန်နိုင်ငံသားဖြစ်သည်။

ရဲတပ်ဖွဲ့သည် ယင်းဟိုတယ်ကို တိုက်ခိုက်ခဲ့သူများရိုက်ကူးခဲ့သည့် ဗီဒီယိုတိပ်ခွေကို ကဘူးရှိ နေအိမ်တစ်လုံးတွင် ရှာဖွေတွေ့ရှိခဲ့ပြီး အဆိုပါနေအိမ်ရှိ လူနှစ်ဦးကိုဖမ်းဆီးခဲ့သည်။

ဟိုတယ်ကို တိုက်ခိုက်ခဲ့သူတစ်ဦးမှာ ရဲတပ်ဖွဲ့ဝတ်စုံကို ဝတ်ဆင်ထားပြီး ၎င်းကို ဖမ်းဆီးရမိခဲ့သည်။ စစ်သွေးကြွသုံးဦးအား ဆာရီနာဟိုတယ်သို့ ကားဖြင့် လိုက်ပို့ပေးသူသည် ပါကစ္စတန်နိုင်ငံသို့ ထွက်ပြေးရန်ကြိုးပမ်းခဲ့ပြီး ၎င်းကို အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ဖမ်းဆီးခဲ့သည်။ **အင်တာနက်။**

ထိုင်းရွေးကောက်ပွဲရလဒ် နောက်ဆုံးအခြေအနေ အနိုင်ရ ပီပီပီကိုယ်စားလှယ်သုံးဦး ထပ်မံအပယ်ခံရ

ဗန်ကောက် ဇန်နဝါရီ ၁၅

ပြည်သူ့အာဏာပါတီ ပီပီပီမှ ရွေးကောက်ပွဲအနိုင်ရရှိထားသည့် ကိုယ်စားလှယ်သုံးဦး၏ အနိုင်ရထားသော ရလဒ်သည်မဲပေးပွဲ၌ မရိုးမသားပြုလုပ်သည်ကို စိစစ်တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ အနိုင်ရထားသော ရလဒ်ကို ပယ်ဖျက်လိုက်ကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်က ဇန်နဝါရီ ၁၄ ရက်တွင် ကြေညာသည်။

ရွေးချယ်ခံရသည့် ကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ခံရသူ ပီပီပီပါတီဝင် သုံးဦးမှာ ဂိုရာဝပ်ဦအာပင်ယာကူးလ်၊ နီယမ်ဝိဝပ်ဂျသာကူးလ်နှင့် ပန်ဟာထိုင်း ဆီရီဆပ်တို့ဖြစ်သည်။ ၎င်းတို့အား ပရာအီပြည်နယ် မဲဆန္ဒနယ်မှ အနိုင်ရသူ ကိုယ်စားလှယ်များအဖြစ်မှ ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းတို့ သုံးဦးစလုံးသည် အသစ်ပြန်လည်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ခွင့်ပြုမည်ဟုသိရသည်။

ထိုင်းနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ကျင်းပသောရွေးကောက်ပွဲ၌ ပီပီပီပါတီသည် ကိုယ်စားလှယ်နေရာ ၂၃၃ ခုကို အနိုင်ရရှိထားသည်။ ထို့အပြင်ဒီမိုကရက်ပါတီမှ အမတ်နေရာ ၆၅ နေရာ၊ ချတ်ထိုင်းပါတီမှ ၃၇ နေရာ၊ ပူအီအာပန်ဒစ် ပါတီမှ ၂၄ နေရာ၊ ရူအမ်ဂျိုင်ထိုင်းချတ်ပတ္တနာပါတီမှ ကိုးဦး၊ မတ်ချီမာသိပတ္တရာပါတီမှ ခုနစ်နေရာနှင့် ပရာချာရာဒ်ပါတီမှ ငါးနေရာ အသီးသီး အနိုင်ရရှိထားသည်။ ထိုင်းပါလီမန်၌ရှိသော အမတ်နေရာ စုစုပေါင်းမှာ ၄၈၀ ဖြစ်သည်။

နောက်ဆုံးဝင်လာသောသတင်းအရ အနီကတ်အပြစ်ဒဏ်ပေးခံရသူ ကိုယ်စားလှယ်ဦးရေမှာ ခုနစ်ဦးရှိပြီး အဝါကတ်ပြခံရသူ ကိုယ်စားလှယ်ဦးရေမှာ ၂၁ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဘင်္ဂလားဒေ့ရှ်တွင် အဓိကရုဏ်းဖြစ်ပွား မျက်ရည်ယိုဗုံးသုံး လူစုခွဲ

ဒါကာ ဇန်နဝါရီ ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ အထည်စက်ရုံလုပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ဇန်နဝါရီ ၁၄ ရက်က အဓိကရုဏ်းဖြစ်ပွားရာ အနည်းဆုံး ၃၀ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ရန်းရင်းဆန်ခတ်ဖြစ်ပွားရာ၌ လုပ်သားများက ခဲဖြင့်ပစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ရဲများကလည်း နံပါတ်တုတ်များ၊ မျက်ရည်ယိုဗုံးများသုံး၍ လူစုခွဲခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ။**

ကရာချိတွင် ဗုံးကွဲ ခြောက်ဦးသေဆုံး

ကရာချိ ဇန်နဝါရီ ၁၅

ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ကရာချိမြို့တွင် တနင်္လာနေ့က လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားသည့်အတွက် အနည်းဆုံး ခြောက်ဦးသေဆုံးသွားကြောင်း အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ထိုပေါက်ကွဲမှုသည် ရှမ်းပါးသူများနေထိုင်သော ရပ်ကွက်၌ဖြစ်ပွားခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် အနည်းဆုံးခြောက်ဦးသေဆုံးပြီး ၁၂ ဦးမှ ၁၄ ဦးအထိ ဒဏ်ရာရရှိသွားကြောင်း ဆင်းပြည်နယ် ပြည်ထဲရေးဝန်ကြီး အတ္တားဇာမင်က ပြောကြားသည်။ ကရာချိမြို့သည် ဆင်းပြည်နယ်၏ မြို့တော်ဖြစ်သည်။

ယင်းဗုံးသည် လမ်းဘေး၌ရောင်းသော သစ်သီးများအကြား ထောင်ထားခြင်း သို့မဟုတ် မော်တာဆိုင်ကယ်တွင် တွဲ၍ ထောင်ထားသော ဗုံးဖြစ်နိုင်သည်ဟု ဆိုသည်။ ပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ မော်တော်ဆိုင်ကယ် အပျက်တစ်စီးကိုလည်း တွေ့ရကြောင်း သိရသည်။

မကြာသေးမီ လများအတွင်းမှစ၍ ပါကစ္စတန်နိုင်ငံတွင် ဗုံးခွဲမှုများနှင့် မငြိမ်မသက်မှုများ ဆက်တိုက်ဆိုသကဲ့သို့ ဖြစ်ပွားလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

တာလီဘန်များက ရဲကင်းကိုဝင်စီး အာဖဂန်ရဲ ၁၀ ဦး သတ်ဖြတ်ခံရ

ကန်ဒါဟာ(အာဖဂန်နစ္စတန်) ဇန်နဝါရီ ၁၅

တာလီဘန်ပြောက်ကျားများက အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် တနင်္ဂနွေနေ့က ဝင်ရောက်စီးနင်းခဲ့စဉ် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးကို သတ်ဖြတ်ခဲ့ကြောင်း ပြည်နယ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

တာလီဘန်ပြောက်ကျားများက ကန်ဒါဟာပြည်နယ် မေဝန်ခရိုင်မှ ကျေးရွာတစ်ရွာရှိ ရဲကင်းစခန်းကို အရုဏ်မတက်မီက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းပြည်နယ်သည် တာလီဘန်ပြောက်ကျားများ၏ ခြေကုပ်စခန်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ဟယ်မန်းပြည်နယ်မှ ရဲအရာရှိတစ်ဦးကို တိုက်ခိုက်ရန်ရည်ရွယ်ကာ တိုက်ခိုက်ခဲ့ရာ တစ်နာရီကြာ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သားရှစ်ဦးသေဆုံးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဂါဇာကမ်းမြောင်၌ အစ္စရေးတိုက်ခိုက် ပါလက်စတိုင်း ၁၄ ဦးထက်မနည်း သေဆုံး

ဂါဇာစီးတီး ဇန်နဝါရီ ၁၅

ဟားမတ်စ်အဖွဲ့ ထိန်းချုပ်သော ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့၏ စီးနင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၄ ဦးထက်မနည်းသေဆုံးကြောင်း၊ သေဆုံးသူများအနက် ၁၀ ဦးထက်မနည်းမှာ လက်နက်ကိုင်စစ်သွေးကြွများဖြစ်ကြောင်း ယနေ့မီဒီယာသတင်းများတွင် ဖော်ပြသည်။

အစ္စရေးသံချပ်ကာကားများသည် ဂါဇာစီးတီး၏ အရှေ့ပိုင်း ဆင်ခြေဖုံးဒေသအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီးနောက် စီးနင်းတိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

စစ်သွေးကြွတစ်ဦး၏ချောင်းမြောင်းပစ်ခတ်မှုကြောင့် တောင်အမေရိကတိုက်သား မွေးမြူရေးခြံလုပ်သားတစ်ဦး သေဆုံးရကြောင်း သတင်းတွင်ဖော်ပြသည်။ အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးရသူတစ်ဦးမှာ ဟားမတ်စ်အုပ်စုခေါင်းဆောင် မာမွတ်ဇာဟာ၏သားဖြစ်ကြောင်း ယင်းအုပ်စုက ပြောကြားသည်။ **အင်တာနက်။**

ဇန်နဝါရီ ၁၅ ရက်က ဂါဇာစီးတီးတွင် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းသေနတ်သမားများ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြောက်ကိုရီးယားအပေါ် ရန်လိုသည့်မူဝါဒ အဆုံးသတ်ရန် အမေရိကန်ကို တိုက်တွန်း



ပြုံယမ်း ဇန်နဝါရီ ၁၄

အမေရိကန်နိုင်ငံက ဒီမိုကရက်တစ်ကိုရီးယားသမ္မတနိုင်ငံ(ဒီပီအာကေ)နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဝါဒ ဖော်ဆောင်ရေးကို ကြိုးပမ်းမည်ဆိုပါက ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားပြဿနာကို ဖြေရှင်းနိုင်ကြောင်း မြောက်ကိုရီးယားမှ တရားဝင်သတင်းစာရိုဒွန်ဆင်မွန်က စနေနေ့တွင် ရေးသားလိုက်သည်။

ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားပြဿနာသည် ဒီပီအာကေအပေါ် ကျင့်သုံးနေပြီး နက်ရှိုင်းစွာ အမြစ်တွယ်နေပြီဖြစ်သော အမေရိကန်၏ ရန်မူတိုက်ခိုက်လိုသည့်မူဝါဒမှ ပေါ်ထွက်လာသောရလဒ်ဖြစ်သည်ဟု အဆိုပါ သတင်းစာက ရေးသားသည်။ အမေရိကန်က ကိုရီးယားနှစ်နိုင်ငံအတွင်း ဆက်ဆံရေးအပေါ် အဓိကအတားအဆီး ဖြစ်ပေါ်စေရန် ဖန်တီးနေပြီး ကိုရီးယားနှစ်နိုင်ငံမှ ပြည်သူလူထုအနေဖြင့် ကိုရီးယားနှစ်နိုင်ငံ၏ ငြိမ်းချမ်းရေး၊ ချမ်းသာကြွယ်ဝမှုနှင့် ပြန်လည်ပေါင်းစည်းရေး တည်ဆောက်နိုင်ရေးအတွက် ခိုင်မာသည့်ကြိုးပမ်းမှုများ ဖော်ဆောင်ခဲ့ကြသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

အမေရိကန်မှ ရှေးရိုးဆန်သည့် တရားသေသမားများကျင့်သုံးနေသော အလွန်တရာရန်လိုသည့် မူဝါဒကြောင့် စစ်ဖြစ်လုနီးနီး အခြေအနေတစ်ရပ်သို့ ဆိုက်ရောက်စေခဲ့သည်ဟု သတင်းစာက ထပ်လောင်းရေးသားသည်။ ယခုအခါ ဒီပီအာကေနှင့် အမေရိကန်ပြည်ထောင်စုအတွင်း နျူကလီးယားပြဿနာဆိုင်ရာ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေသည်ဟု သတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူရကီနှင့်အီရတ်နယ်စပ်တစ်လျှောက် ကင်းလှည့်နေသော တူရကီတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဓာတ်ငွေ့အိုးပေါက်ကွဲ တစ်ဦးသေဆုံး

ဒါကာ ဇန်နဝါရီ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် ဓာတ်ငွေ့ဆိုင်၌ ဆီဖြည့်နေစဉ် ဗင်ကားမှ ဓာတ်ငွေ့အိုး ပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ဒေးလီးစတား သတင်းစာက ဇန်နဝါရီ ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

ဇန်နဝါရီ ၁၁ရက်က အီလီယက်စ် ကာရှုဆိုသူ အမျိုးသားတစ်ဦးသည် ကား၌အသစ်တပ်ဆင်ခဲ့သည့် ဓာတ်ငွေ့အိုးကို ကြည့်ရှုစစ်ဆေးနေချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားရာမှ သေဆုံးခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်တွင် ရွေးကောက်ပွဲကျင်းပမည်

ဒါကာ ဇန်နဝါရီ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ၂၀၀၈ခုနှစ် နှစ်မကုန်မီ ကျင်းပမည်ဖြစ်ကြောင်း အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် အာမက်က ဇန်နဝါရီ ၁၃ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အိမ်စောင့်အစိုးရ၏ အဓိကရည်မှန်းချက်မှာ အချိန်ဇယားသတ်မှတ်ချက်အတိုင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးထားပြီဖြစ်ကြောင်း အာမက်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အိမ်စောင့်အစိုးရအဖွဲ့က လွန်ခဲ့သည့်နှစ် ဇန်နဝါရီ ၁၂ရက်တွင် နိုင်ငံတော်တာဝန်ကို ရယူခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံရေးပြဿနာများ ပေါ်ပေါက်ခဲ့ပြီးနောက် ရွေးကောက်ပွဲကျင်းပချိန်အထိ အိမ်စောင့်အစိုးရအဖွဲ့က တာဝန်ယူမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အိမ်စောင့်အစိုးရအဖွဲ့၏အကြံပေးပုဂ္ဂိုလ်များကောင်စီတွင် အင်အားဖြည့်တင်းမှုများ ပြုလုပ်ခဲ့သည်။ အကြံပေးပုဂ္ဂိုလ်သစ်များသည် ရာထူးမှ နုတ်ထွက်သွားသဖြင့် လစ်လပ်သွားသည့် အကြံပေးပုဂ္ဂိုလ်ရာထူးနေရာများသို့ အစားထိုးဝင်ရောက်လာသည်။ ဘင်္ဂလားဒေ့ရှ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကြံပေးပုဂ္ဂိုလ် ၁၀ဦးနှင့် အကြံပေးအရာရှိချုပ်တစ်ဦး ခန့်ထားပိုင်ခွင့်ရှိသည်။ အကြံပေးပုဂ္ဂိုလ်များသည် ဝန်ကြီးအဆင့် တာဝန်ကိုထမ်းဆောင်ရပြီး အကြံပေးအရာရှိချုပ်မှာမူ အဖွဲ့၏အကြီးအကဲ ရာထူးတာဝန်ကို ထမ်းဆောင်ရသည်။ ***အင်တာနက်။***

အီရန်၌လောင်စာချွေတာရန်တိုက်တွန်း

တီဟီရန် ဇန်နဝါရီ ၁၄

အီရန်နိုင်ငံတွင် ဓာတ်ငွေ့ဖြန့်ဖြူးမှုပြတ်တောက်ခဲ့ရပြီး အအေးဓာတ် လွန်ကဲကာ လောင်စာစွမ်းအင်ဝယ်လိုအား မြင့်တက်လာချိန်တွင် ပြည်သူလူထု အနေဖြင့် လောင်စာ ချွေတာသင့်ကြောင်း ဝန်ကြီးက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

အီရန်နိုင်ငံတွင် အပူချိန်လွန်စွာကျဆင်းခဲ့ပြီး နိုင်ငံ၏အချို့ဒေသများတွင် ဆီးနှင်းခဲများ ဖုံးလွှမ်းလျက်ရှိသည်။ အီရန်၌ ဇန်နဝါရီလဆန်းတွင် ဓာတ်ငွေ့ဖြန့်ဖြူးမှုလျော့နည်းခဲ့သဖြင့် မြောက်ပိုင်းပြည်နယ်တွင် ပြဿနာများဖြစ်ပေါ်ခဲ့သည်။

တာ့ခ်မင်နစ္စတန်နိုင်ငံက အီရန်သို့ဓာတ်ငွေ့တင်ပို့မှုကို စက်မှုဆိုင်ရာအခက်အခဲကြောင့်ဟုဆိုကာ လွန်ခဲ့သည့်လအတွင်းက ဓာတ်ငွေ့တင်ပို့မှုကို ရပ်ဆိုင်းခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိန်လေဘာအစိုးရ၏ နိုင်ငံရေးရန်ပုံငွေ အရှုပ်တော်ပုံဆိုက်

လန်ဒန် ဇန်နဝါရီ ၁၄

ဗြိတိသျှဝန်ကြီးအဖွဲ့ဝန်ကြီး ပီတာဟိန်းသည် နိုင်ငံရေးရန်ပုံငွေများလျှို့ဝှက်ရယူခဲ့သည်ဟု စွပ်စွဲခံရသော်လည်း ရာထူးမှ နုတ်ထွက်ပေးမည်မဟုတ်ကြောင်း စနေနေ့က ပြောကြားသည်။ ၎င်းသည် နိုင်ငံရေးရန်ပုံငွေ အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ခဲ့သူဖြစ်သည်။

ယင်းအရှုပ်အထွေးကြောင့် လေဘာအစိုးရမှာ အရှက်တကွဲအကျိုးနည်းဖြစ်ရသည်။ ပင်စင်ဌာနဝန်ကြီး ပီတာဟိန်းသည် နိုင်ငံရေးရန်ပုံငွေ ပေါင် ၁၀၃၀၀၀ (ဒေါ်လာ ၂၀၂၀၀၀) လက်ခံရရှိမှုကို ထုတ်ပြန်ကြေညာရန်ပျက်ကွက်ခဲ့သည်။

နိုင်ငံရေးရန်ပုံငွေများကို ဖုံးကွယ်ထားရန်ကြိုးပမ်းသည်ဟု စွပ်စွဲမှုမှာရယ်ဖွယ်ကောင်းလှသည်ဟု ၎င်းကပြောကြားသည်။ ဟိန်းက လေဘာပါတီ၏ ဒုတိယခေါင်းဆောင်ဖြစ်ရန် ကြိုးပမ်းရာတွင် အဆိုပါ ငွေများကို အသုံးပြုခဲ့သည်။

ဗြိတိန်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအမှားများနှင့် ပါတီငွေကြေးဆိုင်ရာ အရှုပ်အထွေးများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီးနောက် ဟိန်း၏ပြဿနာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးရန်ပုံငွေရရှိမှု ကြေညာရန် ပျက်ကွက်သည့် ပြဿနာ၏ အရင်းအမြစ်သည် မိမိ၏မဲဆွယ်ရေးအဖွဲ့က စီမံခန့်ခွဲမှုညံ့ဖျင်းသဖြင့်ဖြစ်ရကြောင်း၊ ယင်းကိစ္စအပေါ် ပါလီမန်ကစုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ မိမိကျေနပ်မှုရှိကြောင်း ဟိန်းက သတင်းထောက်များအား ပြောကြားသည်။

တစ်ချိန်တည်းမှာပင် မိမိအနေဖြင့် ဝန်ကြီးအဖွဲ့လုပ်ငန်းတာဝန်ကိုဆက်လက်ထမ်းဆောင်မည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဈေးချိုသည့်ကား တာတာရောင်းချ

နယူးဒေလီ ဇန်နဝါရီ ၁၄

အိန္ဒိယနိုင်ငံရှိ တာတာမော်တော်ကား ထုတ်လုပ်ရေး ကုမ္ပဏီသည် ဒေါ်လာ ၂၅၀၀ တန် ကားအမျိုးအစားသစ်ကို စတင်ရောင်းချလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

တာတာကုမ္ပဏီသည် ဈေးနှုန်းချိုသာသော ကားအမျိုးအစားသစ်များကို ထုတ်လုပ်ရောင်းချပေးခြင်းဖြင့်ဈေးကွက်တိုးချဲ့ရန် စီစဉ်နေသော်လည်း အိန္ဒိယနိုင်ငံရှိလမ်းများပေါ်တွင် မော်တော်ကားသစ်များ များပြားလာခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သည်ဟု စိုးရိမ်သူများလည်းရှိနေကြသည်။

တာတာကားသစ်မှာ ကားငယ်အမျိုးအစားဖြစ်ပြီး နယူးဒေလီတွင်ဖွင့်လှစ်လိုက်သည့် မော်တော်ယာဉ်ပြပွဲ၌ ခင်းကျင်းပြသ ထားသည်။

တာတာကားအမျိုးအစားသစ်သည် ကမ္ဘာပေါ်တွင်ဈေးနှုန်း အချိုသာဆုံး ကားဖြစ်ပြီး လူငါးဦးစီးနင်းရန် သင့်လျော်သည်။ ကားအမျိုးအစားသစ်တွင် ရေဒီယိုမပါရှိဘဲ လေကာမှန်ရေသုတ်တံတစ်ချောင်းသာပါရှိသည်။ ၎င်းအပြင် လေအေးပေးစက် တပ်ဆင်ထားခြင်း မရှိကြောင်းလည်း သိရှိရသည်။ ***အင်တာနက်။***



အိန္ဒိယနိုင်ငံ တာတာမော်တော်ကားကုမ္ပဏီက ထုတ်လုပ်သော ကမ္ဘာ့ဈေးနှုန်း အချိုသာဆုံး အမေရိကန် ဒေါ်လာ ၂၅၀၀ တန်ကားငယ်၏ သရုပ်ပြပုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို သူပုန်များ တိုက်ခိုက်ခဲ့

ခါတွမ် ဇန်နဝါရီ ၁၄

ဆူဒန်နိုင်ငံတွင် ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂတို့၏ ပူးတွဲငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့မှမော်တော်ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ခဲ့သူများမှာ အစိုးရတပ်ဖွဲ့ဝင်များမဟုတ်ဘဲ ချဒ်နိုင်ငံကျောထောက်နောက်ခံ ပြုပေးထားသော သူပုန်များသာ ဖြစ်ကြောင်း ဆူဒန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီးက ဇန်နဝါရီ၁၂ရက်တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံ ဒါဖာဒေသ၌ တာဝန်ထမ်းဆောင်နေသော ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ၏ ထောက်ပို့မော်တော်ယာဉ်များကို တိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

စက်မှုလုပ်ငန်း ပတ်ဝန်းကျင်ညစ်ညမ်းမှု စစ်တမ်းကောက်မည်

ပေကျင်း ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံတွင် စက်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းရမှုအခြေအနေကို ပထမဆုံးအကြိမ် စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းစစ်တမ်းကောက်ယူမှုလုပ်ငန်းကို လာမည့်လတွင် စတင်မည်ဖြစ်သည်။ စစ်တမ်းကောက်ယူရာတွင် သတ္တုဗေဒလုပ်ငန်း၊ ဓာတုဗေဒလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူထုတ်လုပ်ရေးလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတို့အပါအဝင် စက်မှုလုပ်ငန်းအမျိုးအစား၃၉မျိုး အကျုံးဝင်မည်ဖြစ်ကြောင်း စစ်တမ်း ကောက်ယူရေးရုံး အကြီးအကဲ ကျူကျန်ပင်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေသော စက်ရုံပေါင်း ၇၂၀၀၀၀ကျော်ရှိနိုင်သည်ဟု တရားဝင်မဟုတ်သော ခန့်မှန်းချက်တစ်ရပ်အရ သိရသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ခြင်းနှင့် မြို့ပြဒေသပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ခြင်းတို့ကိုလည်းစစ်တမ်းတွင် အလေးထားမည်ဖြစ်သည်။

၂၀၀၈ခုနှစ် နှစ်ကုန်ထက် နောက်မကျဘဲ စစ်တမ်းကောက်ယူရေးလုပ်ငန်းကို အပြီးလုပ်ဆောင်မည်ဖြစ်ကြောင်း၊ ယင်းစစ်တမ်းကို အစိုးရအဖွဲ့ထံတင်သွင်းမည်ဖြစ်ပြီး ၂၀၀၉ ခုနှစ်ပထမနှစ်ဝက်ထက်နောက်မကျဘဲ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း နိုင်ငံတော်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

ပြာသိုလနှင့် မြင်းခင်းသဘင်ပွဲတော်

ဒေါက်တာခင်မောင်ညွန့်

မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်ဆယ့်နှစ်မျိုးတွင် ဗုဒ္ဓဘာသာနှင့်ဆိုင်သော ပွဲတော်များဖြစ်သည့် ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာပြန်ပွဲ၊ ဝါဆိုလ ပဉ္စင်းတက်ပွဲ၊ ဝါခေါင်လ စာရေးတံမဲချလှူပွဲ၊ သီတင်းကျွတ်လ ဆီမီးမြင်းမိုရ်ပွဲ၊ တန်ဆောင်မုန်းလ ကထိန်သင်္ကန်းလှူပွဲ၊ တပို့တွဲလ မီးပုံလှူပွဲနှင့် တပေါင်းလ သဲပုံစေတီပွဲများမှာ ရှစ်မျိုးရှိသည်။ တန်ခူးလ သင်္ကြန်ပွဲနှင့် နတ်တော်လ စာဆိုတော်ပွဲတို့မှာ ယဉ်ကျေးမှုပွဲတော်များ ဖြစ်သည်။

ကိုးကွယ်ယုံကြည်မှု၊ ဘာသာရေးနှင့် မပတ်သက်ဘဲ မြန်မာဘုရင်တို့၏ စစ်စွမ်းရည်နှင့် အင်အားပြသောပွဲနှစ်ရပ်ကား ရေတပ်အင်အားပြသော တော်သလင်းလ ရေခင်းတော်နှင့် ကြည်းတပ်အင်အားပြသော ပြာသိုလ မြင်းခင်းတော်ပွဲများဖြစ်သည်။ ရေအား၊ ကြည်းအားနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံကြီးကို ထူထောင်ခဲ့ရာ အိမ်နီးချင်းနိုင်ငံများတွင် သာမက ပင်လယ်ရပ်ခြားအထိ ထင်ရှားခဲ့သော နိုင်ငံတော်ကြီးအဖြစ် သုံးကြိမ်ရောက်ရှိခဲ့ပြီးဖြစ်သည်။ ယင်းသို့ အင်အားခိုင်ဖြိုးသော နိုင်ငံတော်အဖြစ် တည်တံ့နေရေးအတွက် ရေအား၊ ကြည်းအားကို ရှင်သန်နေစေရန် စစ်အင်အားလေ့ကျင့်မှုများကိုပွဲတော်များအဖြစ် သတ်မှတ်ကျင်းပခဲ့ပါသည်။

ဆောင်းရာသီ ပြာသိုလ ခွာညိုပန်းသင်းချိန်၌ မြင်းခင်းသဘင်ဆင်ယင်ပါသည်။ မြင်းခင်းတော်ဟုခြုံ၍ခေါ်သော်လည်း ကြည်းတပ်တွင် အကျုံးဝင်သော ဆင်တပ်၊ မြင်းတပ်၊ စစ်ရထားတပ်၊ ခြေလျင်တပ်များအားလုံးပါသည်။ ခြေလျင်တပ်များတွင်လည်း ခေတ်အလိုက် အသုံးပြုခဲ့သော ဓား၊ လှံ၊ အဲမောင်း၊ လေးမြား၊ သေနတ်၊ စိန်ပြောင်းမြတပူ၊ အမြောက်များ၊ ကာ၊ ဒိုင်း၊ လွှားများကိုင်ဆောင်သော ခြေလျင်တပ်သားများအားလုံးပါဝင်ပါသည်။ အထူးသဖြင့် ပစ်ကွင်း စက်ဝိုင်းတိုင်များတွင် အဲမောင်းနှင့်ပစ်သောပြိုင်ပွဲကို အကြောင်းပြု၍စက်သွင်းပွဲတော်ဟုလည်း ခေါ်ပါသည်။

ရွှေနန်းတော်ရှိ အိမ်ရှေ့မင်းမှအစ မင်းညီမင်းသား၊ မှူးမတ်၊ စစ်မှုထမ်း၊ အခြားအမှုထမ်း အမျိုးသားမှန်သရွေ့ ပါဝင်ယှဉ်ပြိုင်ရသော စစ်လေ့ကျင့်မှု၊ စစ်တိုက်ခိုက်မှု ပြပွဲပြိုင်ပွဲများဖြစ်သည်။ ဘုရင်နှင့်မိဖုရားတစ်နန်းတော်လုံး မင်းခမ်းမင်းနားနှင့်ထွက်၍ ရှုစားကြပြီး အောင်ပွဲရသူတို့ကို ဆုချီးမြှင့်သည်။ သဇင်ပန်းခက်၊ ပဝါ၊ ပုဆိုး၊ ငွေသား၊ ငွေဓား အစရှိသော ဆုများရကြသည်။ ဤစက်သွင်းပွဲ သို့မဟုတ် မြင်းခင်းသဘင်ကို မြန်မာ့စာပေတွင်လည်းကောင်း၊ မြန်မာ့ရာဇဝင်တွင်လည်းကောင်း လင်္ကာစကားပြေနှစ်ထွေနှင့် ရေးစပ်သီကုံးမှတ်တမ်းတင်ခဲ့ကြပါသည်။

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားလက်ထက် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန်စပ်ဆိုခဲ့သော အဲမောင်းလုံ့ရေး ၃၇ ချင်း၊ မြင်းစီးဟန် ၃၇ မျိုး၊ လူးတား ၃၇ ပုဒ်၊ ဂီတတီးချက် ၃၇ မျိုးကို သရုပ်ပြ ပန်းချီပုံများဖြင့် ပြုစုထားသော ပုရပိုက်ကြီးကား ထင်ရှားသော မြင်းခင်းတော်မှတ်တမ်းကြီး ဖြစ်သည်။ စက်သွင်း ပြိုင်ဆိုင်ရာ၌ အဲမောင်းလုံ့ကို ဘယ်ညာလက်ပြောင်းကာ ကစားပြသော ဟန် ၃၇ မျိုး၊ စီးသောမြင်းကို ကွင်းကြီး၌ ပုံဖော်ပြထားသော ပုံစံ အလိုက် စီးပြရသော ပုံစံ ၃၇ မျိုးနှင့် လူးတား ၃၇ ပုဒ်၊ ၎င်းနှင့်တွဲဖက် တီးမှုတ်ရသော တီးကွက် ၃၇ မျိုးတို့ကို အကျဉ်းချုပ်ဖော်ပြရပါမူ–

(၁) **အဲမောင်းရေး၊ သက်တင်ရေသောက်ဟန်၊ ပယ်ဝန်းမြင်းစီးပုံ**
(၂) **အဲမောင်းရေး၊ ထောင့်တန်းဆွဲဟန်၊ မယ်စိတ်မြင်းစီးပုံ**
(၃) **အဲမောင်းရေး၊ ရွှေစလွယ်တင်ဟန်၊ ပယ်ခွဲမြင်းစီးပုံ**
(၄) **အဲမောင်းရေး၊ သိကြားတန်ဆောင်ကိုင်ဟန်၊ စန္ဒရယှက်မြင်းစီးပုံ**
(၅) **အဲမောင်းရေး၊ ဗြဟ္မာလက်လှမ်းဟန်၊ လေးကျွန်းမုန်ကူမြင်းစီးပုံ**
(၆) **အဲမောင်းရေး၊ လက်ယာက ဦးဟန်၊ ဘုံနန်းတန်ဆောင်မြင်းစီးပုံ**
(၇) **အဲမောင်းရေး၊ ဟသ်ာတောင်ယှက်ဟန်၊ စွန်ဝဲမြင်းစီးပုံ**
(၈) **အဲမောင်းရေး၊ စွန်တောင်ဖြန့်ဟန်၊ ဆင်ထူးမြင်းစီးပုံ**
(၉) **အဲမောင်းရေး၊ ကြင်စပန်းတင်ဟန်၊ ရွှေနန်းတိုင်စီမြင်းစီးပုံ**
(၁၀) **အဲမောင်းရေး၊ တင်ပိုက်စီးဟန်၊ ကြာချပ်မြင်းစီးပုံ**
(၁၁) **အဲမောင်းရေး၊ ဂမ္ဘူန်တောင်ညှပ်ဟန်၊ အုန်းပင်ရေသွန်းမြင်းစီးပုံ**
(၁၂) **အဲမောင်းရေး၊ တိမ်ခြည်ဖုံးယောင်ဟန်၊ နွယ်ထွက်မြင်းစီးပုံ**
(၁၃) **အဲမောင်းရေး၊ တံပိုးသွဲ့ဟန်၊ စွန်သုတ်မြင်းစီးပုံ**
(၁၄) **အဲမောင်းရေး၊ အမြီးသွေးဟန်၊ ရှစ်မြှောင့်ခိုနန်းမြင်းစီးပုံ**
(၁၅) **အဲမောင်းရေး၊ လက်ဝဲစလွယ်တင်ဟန်၊ လက်ယာဆက်ကြာဖူးမြင်းစီးပုံ**
(၁၆) **အဲမောင်းရေး၊ ပြည်လုံးရစ်လည်ဟန်၊ နွယ်ဝင်မြင်းစီးပုံ**
(၁၇) **အဲမောင်းရေး၊ ကြက်မိုးစွတ်ခါဟန်၊ နဝတတ်ရေလည်မြင်းစီးပုံ**
(၁၈) **အဲမောင်းရေး၊ ရေရစ်လည်ဟန်၊ ရာဇမှတ်မြင်းစီးပုံ**
(၁၉) **အဲမောင်းရေး၊ ကညောင်းတင်ဟန်၊ ခိုနန်းပုံလိမ်မြင်းစီးပုံ**
(၂၀) **အဲမောင်းရေး၊ ပင်လယ်တောင်ဇေးခွဲဟန်၊ ရွှေတံခွန်မြင်းစီးပုံ**
(၂၁) **အဲမောင်းရေး၊ လက်ဝဲကဦးဟန်၊ မြင်းမိုရ်ပုံလိပ်မြင်းစီးပုံ**
(၂၂) **အဲမောင်းရေး၊ လက်ဝဲရင်အုပ်ဟန်၊ ကြာယပ်မြင်းစီးလျှောက်ဟန်ပုံ**
(၂၃) **အဲမောင်းရေး၊ လက်ယာရင်အုပ်ဟန်၊ နတ်သားဗိမာန်မြင်းစီးပုံ**
(၂၄) **အဲမောင်းရေး၊ ရေပြွက်ဟန်လွှဲ၊ ကျွဲတုံးတင်မြင်းစီးပုံ**
(၂၅) **အဲမောင်းရေး၊ ဝါကြိတ်လိမ်ဟန်၊ မင်တင်မြင်းစီးပုံ**
(၂၆) **အဲမောင်းရေး၊ ချည်သတ်ဟန်၊ ကွန်းရုံတက်မြင်းစီးပုံ**
(၂၇) **အဲမောင်းရေး၊ ပုစ္ဆာတန်းစွဲဟန်၊ ခရုပတ်မြင်းစီးပုံ**
(၂၈) **အဲမောင်းရေး၊ အောက်ချင်းပုံတံဆိပ်ဟန်၊ ရွှေလုံ့မောက်တိုရိပ်ကစားမြင်းစီးပုံ**
(၂၉) **အဲမောင်းရေး၊ ပိုးချည်လွှာပုံဟန်၊ ကက္ကုသီးမြင်းစီးပုံ**
(၃၀) **အဲမောင်းရေး၊ ရွှေလုံ့ဝဲရစ်တောက်ကစားဟန်၊ ကြာသွတ်အိုးမြင်းစီးပုံ**
(၃၁) **အဲမောင်းရေး၊ ရွှေတံဆိပ်ဟန်၊ ရွှေလုံ့ဆင်ကန်းတောတိုးမြင်းစီးပုံ**
(၃၂) **အဲမောင်းရေး၊ ဝန်းကျင်ပတ်သန်းဟန်၊ သမက်စောင်ရန်းမြင်းစီးပုံ**
(၃၃) **အဲမောင်းရေး၊ ရွှေလုံ့ကျားမြီးဆွဲကစားဟန်၊ ဘီလူးတိုင်ရေးလုမြင်းစီးပုံ**
(၃၄) **အဲမောင်းရေး၊ ရွှေလုံ့ပယ်ညာအသွားမှာကိုင်ပြီး ကျွဲမြီးခတ်သကဲ့သို့ကစားဟန်၊ ဘီလူးပုခက်စီး၊ မြင်းစီးပုံ**
(၃၅) **အဲမောင်းရေး၊ ရွှေလုံ့ဆံထုံးရစ်ကစားဟန်၊ ဘီလူးနားထွင်း၊ မြင်းစီးပုံ**
(၃၆) **အဲမောင်းရေး၊ ရွှေလုံ့လက်ဝဲ ကိုင်ဆွဲဆလျက် ကစားဟန်၊ ဟန်ရင်မြင်းစီးပုံ**
(၃၇) **အဲမောင်းရေး၊ ရွှေလုံ့ဘယ်ညာနွဲ့ကစားဟန်၊ ရေကန်သက်ဆင်းမြင်းစီးပုံ**

တို့ဖြစ်သည်။

စစ်ဆင်များနှင့်လည်း အစွမ်းပြပြိုင်ကြသည်။ ဆင်စီးချင်းထိုးတိုက်ပုံ၊ ဆင်တပ်နှင့် ကတုတ်၊ တံတိုင်းများ ဖြိုပုံ၊ လက်နက်ခဲ ယမ်း၊ အမြောက်၊ စိန်ပြောင်းမြတပူများ သယ်ပုံတို့ကို လေ့ကျင့်ပြသသည်။ စစ်ဆင်တစ်စီး၊ တပ်သား ငါးဦးမှ ခုနစ်ဦးစီးပါသည်။ နန်းမြို့တော်အပြင်ဘက်တွင်လည်း မြင်းခင်း၊ ဆင်ခင်း၊ လက်နက်ကျွမ်းကျင်မှုပြိုင်ပွဲများ ကျင်းပစေသည်။ ဒုန်းစိုင်းလာသော မြင်းပေါ်မှ ငှက်ပျောတောကို ဓားဖြင့်ဇော့လိုက်ခြင်းဖြင့် ငှက်ပျောပင်များ တွန်းကြည့်ရာ ပြတ်ပြီးဖြစ်သွားခြင်း၊ မြင်းစီးရင်း သံပုရာ၊ ရှောက်၊ အုံသီးတို့ မြှောက်၍ အောက်မှ ဓားလှံခံရာ ထက်ခြမ်းကွဲစေခြင်း၊ မြင်းစီးရင်း ကျွမ်းဘားကစားခြင်း အစရှိသည်တို့ကို ပြိုင်၍ အနိုင်ရသူများကို ဘုရင်တပ်များတွင် ခေါ်ယူအမှုထမ်းစေသည်။

နောက်ဆုံးမြန်မာဘုရင် သီပေါမင်းသည် မြင်းခင်းသဘင်ကို စဉ်လာမပျက် ကျင်းပရာ သူကိုယ်တိုင် စစ်သူကြီးဝတ်စုံဆင်ယင်၍ ရှုစားနေသော မှတ်တမ်းဓာတ်ပုံရှိပါသည်။

စစ်ကိုင်းခေတ် နာမည်ကျော် ဂီတစာဆိုကြီး မြို့မငြိမ်း ရေးစပ် ဓာတ်ပြားသွင်းထားခဲ့သော မြင်းခင်းတော်သီချင်း နောက်ဆုံးအပိုဒ်မှ မြင်းခင်းသဘင်ပွဲသီချင်းနှင့် နိဂုံးချုပ်ရင်း မြန်မာ့ဓာတိသွေး ဓာတိမာန်ကို ဂုဏ်ပြုလိုက်ရပါကြောင်း။

"လာချေပြီ၊ ပျိုတို့မောင်ပဲ၊ သူလဲပါဝင်သည်၊ လာချေပြီ"
မှုန်မှုန်မဲမဲ၊ လူသူမသဲတစ်ကွဲ၊ နှင်းခဲပြာဝေရီ၊ မင်းညီ၊ မင်းသား၊ မှူးမတ်သားတို့ ယောကျ်ားအာဇာနည်၊ နှလုံးရည်၊ လက်ရုံးရည်၊ မြင်းကလဲမြင်းချောမာန်ဖီ၊ ခါးပတ်တော် ရွှေချည် ငွေချည် မောက်တို၊ မောက်ရှည်၊ ဗာလီကွေးနဲ့၊ အဲမောင်းလုံ့ရေးပြိုင်ကြပြီ၊ မြန်မာ့တံခွန် ထူချေပြီ၊ ခွာသံချင်းယှက်၊ ဂေါက်ဂက်၊ ဂေါက်ဂက် ဘယ်ညာ မြိုင်မြိုင်ချီ။ ။

ဒို့ကျေးရွာဂျာနယ်
အတွဲ(၅)၊အမှတ်(၂)ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၅

ခွာညိုပန်းတို့ ပွင့်လန်းကြသည့် ဟေမန္တဆောင်းကာလ မကာရရာသီ ပြာသိုလ၌ ကျေးလက်ပြည်သူတောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတ အဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊အမှတ်(၂)ကိုထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် စားသုံးဆီဖူလုံရေး နေကြာ သီးညှပ် စိုက်ပျိုးပေး၊ ဘက်စုံအသုံးဝင် ခြံစည်းရိုး ကြက်ဆူပင်၊ လေ့ပိုးအန္တရာယ်နှင့် ရောင်းတမ်းဝင် သရက်စိုက်ပျိုးခြင်း၊ မြေပဲအထွက်တိုး တို့စိုက်ပျိုး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲ၊ နွား ခွာနာလျှာနာ ရောဂါသတိပြုပါ၊ နို့စားနွားမွေးမြူရေးတွင် သတိပြုစရာ၊ နွားသားလျှောရောဂါ၊ကျွဲ၊ နွား အအေးမိဖျားနာရောဂါ ပျောက်ဆေး စသည့် မွေးမြူရေးဆောင်းပါးများ၊ ဒူးစွမ်းရည် ဆုံးရှုံးလို့တဲ့၊ ဗုဒ္ဓသရဏပင် ဆေးဖက်ဝင်၊ ပိန္နဲသီးနှင့် အာဟာရ စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ အသောက၏ဓမ္မဝါဒ၊ မြန်မာ့ရေချမ်းစင်၊ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်လှူပွဲ၊ အဖေပြောသော ပုံပြင်တစ်ပုဒ် သို့မဟုတ် ချွေတာစုဆောင်းသူဌေးလောင်း၊ ကျောက်ကလပ်မှ မျှင်ငါးပိနှင့် ငံပြာရည်လုပ်ငန်း စသည့် အသိပညာပေးဆောင်းပါးများ၊ လုပ်ရတော့ညာလက် ရွှေဝတ်ရတော့ ဘယ်လက် စသည့် ဝတ္ထုတိုများအပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာ ဗီဒီယို ဓာတ်လမ်းများ၊ သတင်း အတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်တွင် စာမူနှင့် ကြော်ငြာများကို အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

သာယာဝတီမြို့နယ်အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

သာယာဝတီမြို့နယ် အသင်း၏ အကြိမ် (၃၀)မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းရှိ ကျွန်းတောကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ၂၀၀၇ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ အသင်းဝင်များ၏သားသမီးများ၊ ၂၀၀၈ခုနှစ်တွင် အသက်(၇၅)နှစ်ပြည့်မည့် အသင်းဝင် သက်တမ်း(၁)နှစ်ရှိ သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်များ၊ ၂၀၀၈ခုနှစ် နိုင်ငံတော်အဆင့် ထူးချွန်တံဆိပ် ချီးမြှင့်ခံရသူ မြို့နယ်သားများ၊ အသင်း အလုပ်အမှုဆောင်အဖြစ် ပါဝင် ဆောင်ရွက်လိုသူ အသင်းဝင်များသည် အထောက်အထားများနှင့်အတူ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှကြည် ဖုန်း–၀၉–၈၀–၂၂၃၁၆၊ အတွင်းရေးမှူး ကိုထွန်းမြတ် ဖုန်း – ၀၉–၅၀၃၅၄၀၄၊ တွဲဖက်အတွင်းရေးမှူး ကိုသက်မော်ဦး ဖုန်း–၂၉၂၈၂၈တို့ထံ ဇန်နဝါရီ၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" (အပိုင်း–၁၂)**
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒီလှိုင်းနှင့်အတူ" (အပိုင်း–၉)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ လူ့ရှင်တော်ရွှေဖလား
၁၉။ **English Usage**
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (ဒုတိယတွဲ) (အပိုင်း–၂၃)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဗဟိုစံပြငါးဈေးကြီးသို့ ပုစွန်နှင့်ငါးမျိုးစုံတို့ လှိုင်လှိုင်ဝင်

ယမန်နှစ်ကထက် ယခုနှစ်ဈေးနှုန်း ပိုသက်သာ

မြန်မာနိုင်ငံသည် အင်း၊ အိုင်၊ မြစ်၊ချောင်းပေါများလှသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ပြည်သူများစားသုံးနေသော ရေချို၊ ရေငန် ငါး၊ပုစွန်မျိုးစုံတို့သည် နေ့စဉ်ပိသာချိန် နှစ်သိန်းဝန်းကျင် ရန်ကုန်တိုင်း ကြေးမုံသတင်းအဖွဲ့မှ ဇန်နဝါရီ ၁၄ရက်၌ ဈေးကြီးမှ တာဝန်ရှိသူများထံ သွားရောက်သတင်းရယူ ဖော်ပြလိုက်ပါသည်။

ကန်ငါးတွေကလဲ တစ်ကောင်ကို ငါးပိဿာလောက်ရှိပါတယ်။

(ငါးဒိုင်မှလုပ်သားတစ်ဦး)

ဗဟိုစံပြငါးဈေးကြီးသို့ ဧရာဝတီတိုင်းအတွင်းရှိ မအူပင်၊ ဘိုကလေး၊ ကျိုက်လတ်၊ ညောင်တုန်း၊ပန်းတနော် စသောမြို့နယ်အသီးသီးမှ မွေးမြူရေးကန်ငါးများ၊ ပုသိမ်၊ လပွတ္တာ၊ ကျောင်းကုန်း၊မော်လမြိုင်ကျွန်း၊ ငါးသိုင်းချောင်းတို့မှ ရေချိုပုစွန်နှင့် ငါးမျိုးစုံတို့ဝင်လျက်ရှိသည်။ ထို့အပြင် ပဲခူးတိုင်းအတွင်းရှိ ဝေါ၊ သနပ်ပင်၊ ညောင်လေးပင်၊ ဒိုက်ဦးတို့မှ အင်းငါးများနှင့် မွေးမြူရေးကန်ငါးများ၊ မြစ်ချောင်းတို့မှ ရေချိုပုစွန်နှင့် ငါးမျိုးစုံတို့ နေ့စဉ် ရေလမ်း၊ ကုန်းလမ်းတို့မှ ဝင်လျက်ရှိသည်။

ရန်ကုန်တိုင်းအတွင်းရှိ ထန်းတပင်၊ ကော့မှူး၊ သုံးခွ၊ ခရမ်း၊ ကျောက်တန်း၊ ကွမ်းခြံကုန်းတို့မှ ကန်ငါးများလည်း ကုန်းလမ်းမှ နေ့စဉ်ဝင်လျက်ရှိသည်။

ရေငန်ပုစွန်နှင့် ငါးမျိုးစုံတို့ကို တနင်္သာရီတိုင်းအတွင်းရှိ မြိတ်၊ ထားဝယ်၊ကော့သောင်း မြို့နယ်တို့မှဝင်လျက်ရှိရာ ကြေးမုံသတင်းအဖွဲ့ ရောက်ရှိစဉ်မှာပင် ကုမ္ပဏီဒိုင်ကြီးများသို့

ဒီနှစ်ပွင့်လင်းရာသီမှာ ငါး၊ပုစွန် ပိုပြီး အဝင်များပါတယ်၊ မနှစ်ကထက်လဲဈေးကျလာတာ တွေ့ရပါတယ်။

ဦးစိုးသိန်း(အတွင်းရေးမှူး)

မွေးမြူရေးကန် ငါးများလည်း ဤသို့တောင်ပုံရာပုံ။

ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြ ငါးဈေးကြီးနှင့် ကုမ္ပဏီဒိုင်များသို့ ဝင်ရောက်လျက်ရှိသည်။

ကြည့်မြင်တိုင် ငါးဈေးကြီးတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ ဗဟိုစံပြငါးဈေး ငါးဒိုင်များနှင့် အမ်အမ်ဂျီ၊ စံပြရွှေငါး၊ မြန်မာမန်း၊ ဝါဝါဝင်းနှင့် အခြားကုမ္ပဏီဒိုင်ကြီးများဖြင့် ရောင်းဝယ်ဖောက်ကားမှုများမှာ နေ့စဉ်စည်ကားနေသည်။

ဗဟိုစံပြငါးဈေးကြီးနှင့် ကုမ္ပဏီဒိုင်များမှ မြို့နယ်အသီးသီးရှိဈေးများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချနေခြင်းနှင့် ပတ်သက်၍ ဈေးကွက်သတင်းကို

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ငါးဖမ်းစက်လှေသုံးစင်းဖြင့် ရေငန်ငါးသလောက်နှင့် ငရောင်ငါးများ ဝင်ရောက်လာသည်ကို တွေ့မြင်ခဲ့ရသည်။ ခန့်မှန်းပိဿာချိန် တစ်သိန်းဝန်းကျင် ရှိသည့်အတွက် ယနေ့ ငါးသလောက်ဈေးနှုန်း ချိုသာမည်ကို စုံစမ်းသိရှိရသည်။

ဗဟိုစံပြငါးဈေးကြီးမှ အတွင်းရေးမှူး ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ အတွင်းရေးမှူးက "ဒီနှစ်ပွင့်လင်းရာသီမှာ ငါး၊ ပုစွန်မျိုးစုံ ပိုပြီးအဝင်များပါတယ်၊ မနှစ်ကထက်လဲ ဈေးကျလာတာကို တွေ့ရပါတယ်"ဟု ဆိုခဲ့သည်။

(၁၄-၁-၂၀၀၈)ရက်

ဗဟိုစံပြငါးဈေးကြီးနှင့် ကုမ္ပဏီဒိုင်တို့မှရောင်းချသည့် ပုစွန်နှင့် ငါးမျိုးစုံ ဈေးနှုန်းများ(တစ်ပိဿာဈေးနှုန်း)

ငါးရံ့	- ကျပ်	၁၈၀၀	မှ	ကျပ်	၃၀၀၀
ငါးခူ	- ကျပ်	၁၈၀၀	မှ	ကျပ်	၂၆၀၀
ငါးကျည်း	- ကျပ်	၁၈၀၀	မှ	ကျပ်	၃၂၀၀
ငါးကြင်း	- ကျပ်	၂၀၀၀	မှ	ကျပ်	၃၄၀၀
ငါးမြစ်ချင်း	- ကျပ်	၁၀၀၀	မှ	ကျပ်	၂၁၀၀
ငါးခေါင်းပွ	- ကျပ်	၁၀၀၀	မှ	ကျပ်	၂၄၀၀
ငါးသလောက်(ရေချို)	- ကျပ်	၂၀၀၀	မှ	ကျပ်	၁၃၀၀၀
ငါးသလောက်(ရေငန်)	- ကျပ်	၁၆၀၀	မှ	ကျပ်	၂၀၀၀
ကကတစ်	- ကျပ်	၂၆၀၀	မှ	ကျပ်	၅၅၀၀
ငါးပုဏ္ဏား	- ကျပ်	၃၀၀၀	မှ	ကျပ်	၄၅၀၀
ငါးတန်(ရေချို)	- ကျပ်	၁၀၀၀	မှ	ကျပ်	၂၀၀၀
ငါးတန်(မွေးမြူရေး)	- ကျပ်	၁၀၀၀	မှ	ကျပ်	၁၅၀၀
တီလားပီးယား	- ကျပ်	၁၀၀၀	မှ	ကျပ်	၁၆၀၀
ငါးဖယ်	- ကျပ်	၁၂၀၀	မှ	ကျပ်	၂၇၀၀
ငါးပြေမ	- ကျပ်	၁၂၀၀	မှ	ကျပ်	၂၆၀၀
ပုစွန်ကျော့	- ကျပ်	၁၈၀၀	မှ	ကျပ်	၂၅၀၀
ပုစွန်ဘော့ချိတ်	- ကျပ်	၃၀၀၀	မှ	ကျပ်	၄၅၀၀
ပုစွန်ပြောင်ထုပ်	- ကျပ်	၇၀၀၀	မှ	ကျပ်	၉၀၀၀
ပုစွန်တုပ်ကြီး	- ကျပ်	၁၄၀၀၀	မှ	ကျပ်	၂၂၀၀၀
ငါးဘတ်(ငါးချောင်း)	- ကျပ်	၂၅၀၀	မှ	ကျပ်	၁၃၅၀၀
ငါးမျိုးစုံ	- ကျပ်	၁၀၀၀	မှ	ကျပ်	၁၈၀၀

(ကြေးမုံ)

ရွှေညဝါအင်္ဂလိပ်စာ ပညာဒါန

ရန်ကုန် ဇန်နဝါရီ ၁၅

အင်္ဂလိပ်စာဝါရင့် အတွေ့အကြုံရှိသော ဆရာမကြီးဒေါ်ခင်သူဇာက အင်္ဂလိပ်သဒ္ဒါနှင့် စကားပြောကို ဇန်နဝါရီ ၁၉ ရက်(စနေနေ့)မှစတင်၍ အပတ်စဉ်(စနေနှင့် တနင်္ဂနွေ) နေ့တိုင်း ညနေ ၄ နာရီမှ ၆ နာရီအထိ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ရှိ ရွှေညဝါ ပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီး၌ သင်ကြားပေးမည်ဖြစ်၍ မည်သူမဆို အခမဲ့ တက်ရောက် သင်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

Myanmar New Stars Industry Co.,Ltd. ၏ ပဥ္စမအကြိမ်မြောက် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

အာရပ်စော်ဘွားများပြည်ထောင်စု (U.A.E) Nedham AL Janahi Trading မှထုတ်လုပ်သောစူပါပါဝါတံဆိပ်အင်ဂျင်ဝိုင်စက်ဆီ၊ချောဆီများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြန့်ချိပေးနေသော Myanmar New Stars Industry Co.,Ltd. ၏ ပဥ္စမအကြိမ်မြောက် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဇန်နဝါရီ၆ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် ရန်ကုန်မြို့ Traders Hotel (Ballroom) ၌ကျင်းပသည်။

အခမ်းအနားတွင် Myanmar New Stars Industry Co.,Ltd., Managing Director ဦးသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး U.A.E နိုင်ငံ Nedham AL Janahi Trading, Managing Director Mr. Syed Sajjde Haidar က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် စူပါပါဝါ အင်ဂျင်ဝိုင်စက်ဆီ၊ချောဆီများ၏ ရောင်းအားအကောင်းဆုံး Customerများအား ဆုများချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကံစမ်းမဲနှိုက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်း၏ (၁၃)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များတက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းအမှုဆောင်များထံသို့ဖြစ်စေ၊ ဒေါ်နီနီ(ဦးစီးအရာရှိ) စီမံရေးရာဆည်မြောင်းရုံးချုပ်(ရန်ကင်း) ဖုန်း-၅၇၈၁၂၀ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဆုချီးမြှင့်ပွဲ

Myanmar New Stars Industry Co., Ltd.၏ **ပဥ္စမအကြိမ်မြောက် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပစဉ်။**

(သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း "စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ"က ကြီးမှူးကျင်းပသည့် စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စာတမ်းဖတ်ပွဲ(၁/၂၀၀၈)ကို တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်တိုင်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ်တွင် ဇန်နဝါရီ ၁၉ ရက်(စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် General Secretary- Myanmar Engineering Society (Chairman-Energy & Renewable Energy Committee) ဦးဝင်းခိုင်က စာတမ်းခေါင်းစဉ် Geothermal Resources and Technology; an introductionစာတမ်းကို ဖတ်ကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။(သတင်းစဉ်)

ဇန်နဝါရီ ၁၃ရက်က ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမက(၃၉)၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်းမှ ဘာသာစုံဒုတိယဆုရ မနှင်းအိရွှေရည်အား ကျောင်းအုပ်ဆရာကြီး ဦးစောမြတ်လှိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

☆ ရှေ့ဖုံးမှ

ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ မစ္စတာနိုရက်ဇ်ဟာဂျီဆူလီမန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

⇨ ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်ကော်-ဒီမောဆို-ဖရူဆို လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဖရူဆိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် Computer Skill Room ၌ ကျောင်းသား ကျောင်းသူများက ကွန်ပျူတာများကို ကျွမ်းကျင်စွာ အသုံးချနေမှုနှင့် စာသင်ဆောင်များ၌ စာပေသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဖရူဆိုမြို့ တော်ဝင်သဇင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က မြို့နယ်၏ လူမှုရေး၊ စီးပွားရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့မိမြို့ဖများ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဝင်းဖေနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မိမိတို့နယ်မြေအေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့် ဝိုင်းဝန်းလက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာခေတ်ဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကယားပြည်နယ်တွင် နည်းပညာတက္ကသိုလ် အပါအဝင် တက္ကသိုလ်နှစ်ခုကို တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတော်၏စေတနာကို သိရှိနားလည်စေလိုကြောင်း၊ ဒေသခံမြို့မိမြို့ဖများအနေဖြင့် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲစေရန်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း သွားကြစေလိုကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

ယင်းနောက် ဒေသခံမြို့မိမြို့ဖတစ်ဦးက မိမိတို့ဒေသ၏ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ဌာနဆိုင်ရာများ၏ လုပ်ဆောင်ပေးချက်အား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဒေသခံမြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး Sola သုံးစနစ်ဖြင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းမြင့်နှင့် ဆေးရုံအုပ် ဒေါက်တာအောင်သိန်းတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဖရူဆိုတပ်နယ် ဓာတိဂုဏ်ခန်းမသို့ရောက်ရှိကြပြီး တပ်နယ်မှ အရာရှိစစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖရူဆို-ဒီမောဆို-လွိုင်ကော် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်ရှိ လမ်းများပြုပြင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာလာရာ ငွေတောင်တပ်နယ်စုပေါင်းရိပ်သာသို့ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ငွေတောင်တပ်နယ် တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားကာ မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်နည်းပညာတက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ နည်းပညာတက္ကသိုလ် ခေတ္တကျောင်းအုပ် ဒေါက်တာဒေါ်သီတာရွှေနှင့် ထူးထရေးဒင်းကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသီဟကိုကိုတို့က နည်းပညာတက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညွှန်ကြား ဆောင်ရွက်ပေးပြီး နည်းပညာတက္ကသိုလ် ဆရာ/ဆရာမများအတွက် ဝတ်စုံစရိတ် ထောက်ပံ့ငွေကျပ်ခြောက်သိန်းကို ပေးအပ်ရာ ခေတ္တကျောင်းအုပ် ဒေါက်တာဒေါ်သီတာရွှေက လက်ခံသည်။ (သတင်းစဉ်)

❐ စာမျက်နှာ ၃ မှ

"မြန်မာမှုသုတေသနစာ" စာအုပ်ဖြင့် ယဉ်ကျေးမှုဘာသာရပ်ဆုရဝင်းမောင်(တမ္ပဝတီ)အား လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ၊ စာပေဆုရွေးချယ်ရေး ကော်မတီနာယကဦးသိန်းထွန်းက **"ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ်"** (၄၊အုပ်တွဲ) (Collection of Hpyat-sar, Legal Cases and Court Decision of Myanmar Kon-Baung Period (AD- 1752-1885) စာအုပ်ဖြင့် ရွေးပေါင်းကျမ်းဘာသာရပ် (အင်္ဂလိပ်ဘာသာ)ဆုရ ဦးထွန်းရီအားလည်းကောင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က **"ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံနှင့် မော်ကွန်း ဥဒါန်း - ဉသျှစ်ရောအမတ်ကြီး"** စာအုပ်ဖြင့် ရွေးပေါင်းကျမ်းဘာသာရပ်ဆုရဒေါက်တာတိုးလှအားလည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက **"အတ္ထုပ္ပတ္တိအဘိဓာန်"** စာအုပ်ဖြင့် ရည်ညွှန်းကျမ်း ဘာသာရပ်ဆုရ မောင်ဝံသ (ဦးစိုးသိန်း)၊ **"ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဓာတ်ခုံပေါ်က အတွေ့အကြုံများ"** စာအုပ်ဖြင့် ကျန်းမာရေးဘာသာရပ်ဆုရ ဒေါက်တာစိုးလွင်၊ **"အညာသူအညာသားကျွန်မဆွေမျိုးများ"** စာအုပ်ဖြင့် သမိုင်းဘာသာရပ်ဆုရ ခင်ခင်ထူး၊ **"အဲလစ်စ်နှင့်အံ့ဖွယ်ကမ္ဘာ"** စာအုပ်ဖြင့် ကလေးလူငယ်ဘာသာရပ်ဆုရ ဂျူနီယာဝင်း၊ **"လက်ရာအစုံနဂါးရုံ"** စာမူဖြင့်ယဉ်ကျေးမှုဘာသာရပ်ဆုရမင်းဘူးအောင်ကြိုင်၊ **"ရှေးဟောင်းမွန်ခေါင်းလောင်းစာမှ စံပြုဖွယ်စာပေ အထောက်အထားများ"** စာမူဖြင့် ရှေးဟောင်းကျမ်း ဘာသာရပ်ဆုရ မြမြချို(ပျူး)၊ **"ရန်အောင်၏ စာပေခရီးတစ်ခု"** စာမူဖြင့် အတ္ထုပ္ပတ္တိဘာသာရပ်ဆုရ လှတိုး (စိတ်ပညာ)နှင့် **"မြန်မာ-မဏိပူရစစ်သမိုင်း"** စာမူဖြင့် သမိုင်းဘာသာရပ်ဆုရ မောင်နွယ်သန်းတို့အားလည်းကောင်း ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌဦးသိန်းထွန်းက စာပေဆုရွေးချယ်ရေး ကော်မတီဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ရာ ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌဦးသက်ထွန်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် ဆုရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဆုရသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၅

ထိုင်းနိုင်ငံ၌ဇန်နဝါရီ ၂၀ရက်မှ ၂၆ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ (4th ASEAN Para Games) တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ရန်နှင့် Board of Governor အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဌေးနိုင်နှင့်အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးတင်မောင်လှိုင်တို့သည် ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်းရရှိသည်။ (ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ (၂၀၀၈)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၉၇တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၁၂၁၄တွဲတို့ကို BARGAINစနစ်နှင့် AUCTIONစနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို ယနေ့မှ ဇန်နဝါရီ ၁၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရတနာကုန်သည်များအား ကြည့်ရှုလေ့လာရန် ပြသထား မည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ရက်နှင့် ၁၉ရက် တို့တွင် နံနက် ၉နာရီမှစတင်၍ BARGAIN စနစ်နှင့် AUCTION စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ယင်းကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၅၂၉ဦးနှင့် ပြည်ပရတနာကုန်သည် ၁၀၈ဦးတို့ လာရောက်၍ ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာလျက်ရှိသည်။ (သတင်းစဉ်)

ပန်းတနော်မြို့၌ စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ပွဲ ကျင်းပမည်

ပန်းတနော် ဇန်နဝါရီ ၁၂

ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းသဘင်ပွဲကျင်းပမည်ဖြစ်ရာ စာဆိုတော်နေ့ဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစစ်ယုန် (ပန်းတနော်နောင်လတ်)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့က အမှာစကားအသီးသီးပြောကြားပြီး လုပ်ငန်းကော်မတီကို ဖွဲ့စည်းသည်။

ပန်းတနော်မြို့ ပန်းရောခန်းမဆောင်၌ ဇန်နဝါရီ ၂၇ ရက်တွင် ရန်ကုန်မြို့မှ စာရေးဆရာများဖြစ်သော စာရေးဆရာလယ်တွင်းသားစောချစ်၊ ညွှန့်ဟံ(ကြူတော)နှင့် ဒါရိုက်တာမောင်ဝဏ္ဏတို့က စာပေဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာဘရူဝါရီလီမိတက်၏ ISO လက်မှတ်ရရှိခြင်းနှင့် စက်ရုံတိုးချဲ့ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့သည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန် အမှတ်(၃) လမ်းမကြီး အမှတ်(၄၅)ရှိ မြန်မာဘရူဝါရီလီမိတက် စက်ရုံဝင်းအတွင်း၌ကျင်းပသည့် မြန်မာဘရူဝါရီလီမိတက်၏ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ISO 22000:2005 လက်မှတ်ရရှိခြင်း အခမ်းအနားနှင့် စက်ရုံကို အောင်မြင်စွာ တိုးချဲ့ဆောက်လုပ်ပြီးစီးခြင်းအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ Group Company Secretary and Director of Fraser & Neave Ltd. Singapore မှ Mr.Anthony Cheong၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Robert Chua ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာဘရူဝါရီ လီမိတက်မှ အထွေထွေမန်နေဂျာ Mr. Peter Ong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ISO လက်မှတ်ပေးအပ်သည့် အဖွဲ့အစည်းဖြစ်သော BMTRADA UK မှ အစားအသောက် ဘေးဥပါဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးအရာရှိချုပ် Dr.Law Yean Kok က ISO 22000:2005 လက်မှတ်ကို မြန်မာဘရူဝါရီလီမိတက်က ပထမဦးဆုံး ရရှိခြင်းအတွက် ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် မြန်မာဘရူဝါရီ လီမိတက်မှ Technological Controller ဦးအောင်အောင်က ISO 22000:2005 လက်မှတ် ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ Group Company Secretary and Director of Fraser & Neave Ltd. မှ Mr. Anthony Cheong နှင့် BMTRADA UK မှ အစားအသောက် ဘေးဥပါဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးအရာရှိချုပ် Dr.Law Yean Kok တို့က ISO 22000:2005 အစားအသောက် ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းရေး စီမံမှုစနစ် အသိအမှတ်ပြုလက်မှတ်ကို မြန်မာဘရူဝါရီလီမိတက်မှ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရရှိခြင်း အောင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ Mr.Anthony Cheong၊ Dr. Law Yean Kok ၊ အထွေထွေမန်နေဂျာ Mr. Peter Ong နှင့် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(အငြိမ်းစား) တို့သည် စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် BMTRADA UK မှ အစားအသောက် ဘေးဥပါဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးအရာရှိချုပ် Dr. Law Yean Kok က မြန်မာဘရူဝါရီလီမိတက်သို့ ISO 22000:2005 လက်မှတ်ကို လွှဲပြောင်းပေးအပ်ရာ အထွေထွေမန်နေဂျာ Mr.Peter Ong က လက်ခံယူပြီး မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(အငြိမ်းစား)က BMTRADA UK မှ အစားအသောက် ဘေးဥပါဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးအရာရှိချုပ် Dr. Law Yean Kok အား အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ Brewery Manager, Mr. Ronald Chng က စက်ရုံ တိုးချဲ့ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် Fraser & Neave Ltd. မှ ဒါရိုက်တာ Anthong Cheong တို့က စက်ရုံကို အောင်မြင်စွာ တိုးချဲ့ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် မြန်မာဘရူဝါရီလီမိတက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)



ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့ မြန်မာဘရူဝါရီလီမိတက် စက်ရုံအတွင်း ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

နီးဘုရားကြီး ရွှေသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၅

ပုသိမ်မြို့ မဟာဝိသုဒ္ဓါရာမ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၌ ကိန်းဝပ်စံပယ်လျက်ရှိသော အောင်မြေအေးချမ်းပြည့်ဝချမ်းသာ နီးဘုရားကြီးအား ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ မတ် ၇ ရက် (သောကြာ)နေ့မှစ၍ ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ သူတော်စင်များ လာရောက်ကြည်ညိုသာသနာပြုလှူဒါန်းပူဇော်နိုင်ကြကြောင်းနှင့် ပဓာနနာယကဆရာတော် ဖုန်း–၀၄၂–၂၅၁၆၁၊ ၀၉၅၂၀၀၂၉၇၊ တိုက်အုပ်ဆရာတော် ဖုန်း–၀၄၂–၂၅၃၈၀၊ တိုက်ကြပ်ဆရာတော် ဖုန်း–၀၉၅၂၀၁၈၈၂၊ ဦးစိုင်း(ဥက္ကဋ္ဌ) ဖုန်း–၀၉၅၂၀၁၃၃၂၊ ဦးတင်ရွှေ(အတွင်းရေးမှူး) ဖုန်း– ၀၉၅၂၀၁၁၃၀ နှင့် ဦးစိုးဝင်း(ဘဏ္ဍာရေးမှူး) ဖုန်း–၀၉၅၂၀၁၂၈၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ပြုလုပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ခင်ညွန့်မြိုင်နှင့် လုပ်ငန်းအဖွဲ့များမှ ဌာနကြီးမှူး၊ အဖွဲ့ခေါင်းဆောင်များ၊ တိုင်း၊ခရိုင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများ၊တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများသည် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ခြင်ဆေးဖျန်းခြင်း စသည့် အထူးသန့်ရှင်းရေးတို့ကို စုပေါင်း၍ တပျော်တပါး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရင်းရင်းနှီးနှီး ပါဝင်ဆောင်ရွက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက် တန်းကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(မြို့တော်စည်ပင်)

မြောက်ဥက္ကလာပ အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း မေတ္တာရိပ်ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဦးချစ်အောင်က ပူဇော်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြပြီး**(အောက်ယာပုံ)** ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် အလှူရှင် ဦးချိုအေး(ACA) မိသားစုနှင့် အလှူရှင်များက ထာဝရငွေပဒေသာပင်များနှင့် ကျောင်းတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံရယူပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးမောင်မောင်စိုးတင့်နှင့် ဆရာမကြီး ဒေါ်စိန်ချစ်တို့က ဩဝါဒစကား ပြန်လည်ပြောကြားကြသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၁၅	၇။	အတီးပြိုင်ပွဲ
၈:၂၀	၈။	မင်းလှရေလှောင်တမံ
၈:၃၀	၉။	Inter national News.
၈:၄၅	၁၀။	Let's Go.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)
၄:၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀	၅။	မြန်မာစာ၊မြန်မာစကား
၅:၁၅	၆။	သီချင်းကြီးပဒေသာ
၅:၂၅	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀	၉။	ညနေခင်းသတင်း
၆:၃၀	၁၀။	မိုးလေဝသအခြေအနေ
၆:၃၅	၁၁။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၅၀	၁၂။	"သတင်းကောင်း" (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ–ညိုမင်းလွင်)
၇:၀၅	၁၃။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၂၅	၁၄။	ကြေးမုံရိပ်သွင်တေးနုယဉ်
၇:၄၀	၁၅။	ယဉ်ကျေးမှုအမွေ သမိုင်းသက်သေ
၇:၅၀	၁၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	Franz Hararay's Magic Planet
	၂၁။	**မြန်မာဗီဒီယိုဇာတ်လမ်း "အလွဲကောင်း" (မင်းမော်ကွန်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ–စိုးကျော်သန်း)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

သက်တော်ရှည် ဆင်ကျုံးတောရ ဆရာတော်ကြီး၏ ဝိဇာတမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်ရှိ ဆင်ကျုံးတောရကျောင်း သက်တော်ရှည် ဆရာတော်ကြီး၏ နှစ်(၉၀)ပြည့် ဝိဇာတမင်္ဂလာ မွေးနေ့အလှူတော်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် အဆိုပါ တောရကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် ဇနီး ဒေါ်မြင့်မြင့်ဦး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ရမည်းသင်းမြို့ ရွှေစည်းခုံရပ်နေ အလှူ့ဒါယကာ ဦးဝင်းကိုနှင့် အလှူ့ဒါယိကာမ ဒေါ်စိုးစိုးမိသားစု၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြပြီး ပင့်သံဃာအပါး ၉၀ တို့အား သင်္ကန်းဒွိစုံတစ်စုံနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်လွန့်တောရ ရာပြည့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

နေပြည်တော် တပ်ကုန်းမြို့နယ် မဟာဓမ္မဒီပိကာရာမ ညောင်လွန့်တောရကျောင်းတိုက်ကြီးကို ၁၂၆၉ ခုနှစ် တပေါင်းလမှ စတင်တည်ထောင်ခဲ့ရာ ၁၃၆၉ ခုနှစ် တပေါင်းလတွင် နှစ်(၁၀၀) ပြည့်တော့မည်ဖြစ်၍ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၇ ရက် (မတ် ၁၃ရက်)ကြာသပတေးနေ့တွင် ရာပြည့်ပွဲတော်ကြီးကို ကျင်းပမည်ဖြစ်ကြောင်း ကြော်ငြာခဲ့သော်လည်း ရက်ပြောင်းရွှေ့၍ ရာပြည့်ပွဲတော်ကြီးကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၃ရက် (မတ် ၉ရက်)တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ညောင်လွန့်တောရ ရာပြည့်ပွဲတော်ကြီးအတွက် အလှူငွေများကို ဦးမြင့်ဦး သာသနာ့ဗိမာန်အတွင်းရေးမှူး နေပြည်တော်တပ်ကုန်း ဖုန်း–၀၆၇–၇၀၅၈၄၊ ဦးညိုမောင် မော်တော်ယာဉ်ဥက္ကဋ္ဌ နေပြည်တော်တပ်ကုန်း ဖုန်း–၀၆၄–၄၀၂၇၂၊ ဦးသိန်းရွှေ ညောင်လွန့်ဥပထမ္ဘက အတွင်းရေးမှူးတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မှုခင်းသတင်းများ

ခရီးသည်အိတ်အတွင်းမှ ပိုက်ဆံနှိုက်ယူဆင်းပြေးသူ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပြီး သက်ဆိုင်ရာသို့ပို့

ရန်ကုန် ဇန်နဝါရီ ၁၅

ဇန်နဝါရီ ၁၄ရက်က အင်းစိန်မြို့နယ် ဒညင်းကုန်းသို့သွားသူ အမျိုးသမီးခရီးသည်တစ်ဦး၏ စလင်းဘက်အိတ်အတွင်းမှ ငွေကျပ် ၁၄၀၀၀ကို နှိုက်ယူပြီး အမှတ်(၁၀၁) ယာဉ်ပေါ်မှဆင်းပြေးသူ ခါးပိုက်နှိုက်တစ်ဦးအား ပြည်သူအများက ဝိုင်းဝန်းဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံလိုက်ကြောင်း သိရသည်။

အဆိုပါနေ့ နံနက် ၈ နာရီခန့်တွင် ညောင်တုန်းမြို့နယ် ကုက္ကိုဝရွာနေ မချိုချိုအေး(၃၂)နှစ်သည် လှိုင်သာယာမြို့နယ် မီးခွက်ဈေးမှ အမှတ်(၁၀၁) လိုင်းကားဖြင့် အင်းစိန်၊ ဒညင်းကုန်းသို့သွားရာ အောင်ဇေယျတံတားအဆင်းကမ်းနားမှတ်တိုင်အရောက်တွင် ၎င်း၏ စလင်းဘက်အိတ်အတွင်းမှ ငွေကျပ် ၁၄၀၀၀ အား ခါးပိုက်နှိုက်ခံရကြောင်း သိရသည်။

ထို့ကြောင့် မချိုချိုအေးက ယာဉ်ပေါ်တွင် အော်ဟစ်အကူအညီတောင်းရာ လှိုင်သာယာမြို့နယ်နေသူ ထွန်းထွန်းဝင်း(၃၀)နှစ် ယာဉ်ပေါ်မှ ဆင်းပြေးစဉ် ပတ်ဝန်းကျင်မှပြည်သူများက ဝိုင်းဝန်းဖမ်းဆီး၍ ရဲစခန်းသို့ အပ်နှံလိုက်သည်။

အင်းစိန်ရဲစခန်းက (ပ) ၈၃/၂၀၀၈ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉(နှိုက်)ဖြင့် ယင်းနေ့တွင်ပင် အမှုဖွင့်ပြီး စစ်ဆေးလျက်ရှိသည်ဟု သိရသည်။ (၃၁)

ကျပ်တစ်ဆယ်သားခန့်ရှိ ရွှေတုံးပျောက်ဆုံးမှု အိမ်ဖော်ကို အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

ငွေကျပ် ၅၅ သိန်းခုနစ်သောင်းကျော်ခန့် တန်ဖိုးရှိသော ရွှေတုံး တစ်တုံးကို အိမ်ဖော်ဖြစ်သူက ခိုးယူခဲ့သည်ဆိုကာ အိမ်ရှင်က တိုင်ကြားသော မှုခင်းတစ်ခု ကျောက်တံတားမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီခန့်တွင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းနေ ဒေါ်စိုးစိုးအေး(၃၉)နှစ်သည် နေအိမ်၌ ရေချိုးနေစဉ် အိမ်ဖော်ဖြစ်သူ မဖြူနှင်းဝေ(၁၈)နှစ်အား ဆေးသုတ်သမားရောက်လာပါက ၎င်း၏အိတ်ထဲမှ ငွေကျပ် ၁၅၀၀၀ပေးရန် မှာကြား၍ ရေချိုးသည်။ ထို့နောက် စလင်းဘက်အိတ်ကို သေတ္တာအတွင်းပြန်ထည့်ကာ သော့မခတ်မိဘဲ အလုပ်သို့ ထွက်သွားခဲ့သည်ဟုဆိုသည်။

ထို့နောက် ဇန်နဝါရီ ၁၀ရက် ည ၇ နာရီခန့်တွင် ဒေါ်စိုးစိုးအေးသည် စလင်းဘက်အိတ်အား ပြန်လည်ဖွင့်ကြည့်ရာ ၎င်းအိတ်အတွင်းမှ ရွှေတုံးနှစ်တုံးအနက် အလေးချိန်ကျပ်တစ်ဆယ် နှစ်ရွေးသားခန့်ရှိ ရွှေတုံးတစ်တုံး တန်ဖိုးငွေကျပ် ၅၅၇၈၀၀၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် တိုင်ကြားရာမှ သက်ဆိုင်ရာက(ပ) ၄၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၁ ဖြင့် ဇန်နဝါရီ ၁၃ရက်တွင် အမှုဖွင့်ပြီး အိမ်ဖော်ဖြစ်သူ မဖြူနှင်းဝေအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၃၁)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မဟာအောင်ဗောဓိ ဆုတောင်းပြည့်ဘုရား အာရုံခံတန်ဆောင်း ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရန်အတွက် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် အမှတ်(၅၆) ငုဝါလမ်းနေ ဦးငြိမ်းလွင်–ဒုရဲမှူးခင်ခင်စိုး မိသားစုက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ အတွင်းရေးမှူး ဦးတင်မောင်ဦးတို့ထံ အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"ချမ်းသာချင်ရင်ဒီလိုကျင့်"တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ)
၈း၀၀–၂း၀၀	INDUSTRIAL TALK [ဒေါ်ခင်မမကြည် ၊ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၄၀–၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	ဟူးကောင်းချိုင့်ဝှမ်းမှကျားသုတေသနပြုလုပ်ငန်း
၉း၄၀–၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅–၃း၄၅	ကျန်းကျန်းမာမာချစ်စရာ ကာ(လ်)ပေါ(လ်)ကလေးခာတ်ပုံပြိုင်ပွဲ
၁၀း၀၀–၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅–၄း၀၅	ဆွာချောင်းရေလှောင်တမံ
၁၀း၁၅–၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀–၄း၂၀	Midweek Sports News
၁၀း၃၅–၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀–၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅–၄း၄၅	"ဒါ"ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီရော်၊ ဆုပန်ထွာ)[ဒါရိုက်တာ–ဝေဠု(ဝဿန်)]
၁၁း၀၀–၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅–၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀–၅း၂၀	ကလေးတို့အတွက်လက်ဆောင် (အလှဆင်ခွက်ကလေးခေါက်ကြရအောင်)
၁၁း၅၀–၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅–၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀–၆း၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဓမ္မာ သောက အင်း၀ ရာဇာ"
၁၂း၃၀–၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅–၆း၃၅	Yangon Panorama (L'ORE'AL & MAYBELLINE အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup Round-3 ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Man City-West Ham	ESPN(Live)

သစ်သားငြမ်းခွာချရာမှ ပြုကျ၍ နှစ်ဦးသေဆုံး

ကျောက်တံခါး ဇန်နဝါရီ ၁၄

ကျောက်တံခါးမြို့နယ် ဗောဓိကွင်းကျေးရွာအုပ်စုရှိ ရူတင်ကုန်းဓမ္မရိပ်သာတွင် RC သံချည်၊ သံကွေးဖြင့် ဘုံခုနစ်ဆင့်ကျောင်းဆောင် တည်ဆောက်နေလျက်ရှိရာ ဘုံငါးဆင့်အပြီး ကျန်နှစ်ဆင့်အတွက် RCသံချည်၊ သံကွေးပြုလုပ်ရန် ဘုံငါးဆင့်အထိ ဆောက်လုပ်ထားသော သစ်သားငြမ်းများကို ဒီဇင်ဘာ ၂၄ရက်က ခွာချစဉ် ဘိလပ်မြေ၊ ကျောက်စရစ်များနှင့် သံချည်၊ သံကွေးများ ပြိုကျရာမှ ပန်းရန်ဆရာများဖြစ်ကြသော မောင်တင်အောင်မိုး(၃၂)နှစ် (ဘ) ဦးမောင်ဦးနှင့် မောင်အောင်မိုးဦး(၃၁)နှစ် (ဘ)ဦးကျင်ဟုတ်တို့အပေါ် ပိမိပြီး သေဆုံးသွားသဖြင့် ကျောက်တံခါးမြို့ ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအရ အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၈၇)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်သည်။

ပရီမီယာလိဂ် ဘောလုံးသတင်းများ

နယူးကာဆယ်မန်နေဂျာအဖြစ် အလန်ရှီးယား သင့်လျော်

လန်ဒန် ဇန်နဝါရီ ၁၅

နယူးကာဆယ်အသင်း၏ မန်နေဂျာအဖြစ် အလန်ရှီးယားသာ သင့်လျော်သည်ဟု မိမိထင်မြင်မိကြောင်း ယင်းအသင်း၏ မန်နေဂျာဟောင်း ဂလင်းရိုဒါက ယနေ့ ပြောကြားသည်။

အလန်ရှီးယားသည် အနာဂတ်ကာလတွင် နယူးကာဆယ်အသင်း၏ မန်နေဂျာဖြစ်လာဖွယ်ရှိကြောင်း နော့ဝစ်ချ်အသင်းမန်နေဂျာရိုဒါက ပြောကြားသည်။ ရိုဒါသည် နယူးကာဆယ်အသင်း မန်နေဂျာအဖြစ်မှ ၂၀၀၇ ခုနှစ် မေလတွင် နုတ်ထွက်ခဲ့သည်။

နယူးကာဆယ်အသင်းမှ ဆမ်အယ်လာဒိုက်စ်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က မန်နေဂျာရာထူးမှ ရုတ်တရက်နုတ်ထွက်ခဲ့သည်။ ထို့ကြောင့် မန်နေဂျာသစ်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အင်တာအနက်။

၁၉၉၆ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ နယူးကာဆယ်အသင်း၌ ကစားခဲ့ပြီး နောက် ယခုအခါ အနားယူထားသူ အလန်ရှီးယား။ *(ဓာတ်ပုံ–အင်တာနက်)*

အင်္ဂလိပ်ဘောလုံးသမားများ မွေးထုတ်ရေး အာဆင်နယ် မန်နေဂျာ ပြောကြား

လန်ဒန် ဇန်နဝါရီ ၁၅

မိမိ၏အသင်းသည် အနာဂတ်ကာလတွင် အင်္ဂလိပ်လူမျိုး ဘောလုံးသမားချည်းဖြင့် ဖွဲ့စည်းထားသည့် ဘောလုံးအသင်းအဖြစ်သို့ ပြောင်းလဲသွားလိုကြောင်း အာဆင်နယ်အသင်းမန်နေဂျာ အာဆင်ဝင်းဂါးက ယနေ့ ပြောကြားသည်။

အာဆင်ဝင်းဂါးသည် ယခင်က နိုင်ငံခြားသား လူငယ်ဘောလုံးသမားများအား လူမွေးသည့်မူဝါဒကို ကျင့်သုံးခဲ့ရာမှ အင်္ဂလိပ်လူမျိုး လူငယ်ဘောလုံးသမားများအား မွေးထုတ်မည့်မူဝါဒကို ပြောင်းလဲကျင့်သုံးရန် ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ယခုလောလောဆယ်တွင် အာဆင်နယ်အသင်း၏ ပထမဦးစားပေး ဘောလုံးသမားများစာရင်း၌ပါဝင်ခွင့်ရရှိနိုင်သည့် တစ်ဦးတည်းသော အင်္ဂလိပ်ဘောလုံးသမားမှာ သီအိုဝဲလ်ကော့ဖြစ်သည်။

အာဆင်နယ်အသင်း၏ လူငယ်ဘောလုံးလေ့ကျင့်ရေးကျောင်းတွင် အင်္ဂလိပ်လူမျိုးလူငယ်များကို ပိုမိုလက်ခံသွားမည်ဖြစ်ကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်ဘောလုံးသမား ဂျွန်ဆင် ဖူလ်ဟမ်အသင်းနှင့် ဆွေးနွေး

လန်ဒန် ဇန်နဝါရီ ၁၅

အမေရိကန် နိုင်ငံတကာဘောလုံးသမား အက်ဒီဂျွန်ဆင်**(ယာပုံ)**သည် အင်္ဂလန်သို့ လေယာဉ်ဖြင့် ဆိုက်ရောက်လာကြောင်း၊ ၎င်းသည် ဖူလ်ဟမ်အသင်းနှင့် ဆွေးနွေးနေသည်ဟု ယူဆရကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်လက်ရွေးစင် ဘောလုံးအသင်းသည် ယခုလောလောဆယ်တွင် ဆွီဒင်နှင့် မက္ကဆီကိုအသင်းတို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ကစားရန် ကယ်လီဖိုးနီးယားပြည်နယ်၌ လေ့ကျင့်လျက်ရှိသည်။

သို့ရာတွင် ဂျွန်ဆင်သည် အမေရိကန်လက်ရွေးစင်အသင်း၏ လေ့ကျင့်ရေးစခန်းမှ ထွက်ခွာခွင့်ရရှိခဲ့ပြီး အင်္ဂလန်သို့ ရောက်ရှိလာကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျွန်ဆင်သည် အမေရိကန်နိုင်ငံ ကင်းဆပ်စီးတီးကလပ် ဘောလုံးအသင်းတွင် ကစားနေသူဖြစ်သည်။

အင်တာနက်။

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နယ်မြေအေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများက နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွှိုင်ကော်နည်းပညာတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၄ရက် နံနက် ၈နာရီ ၂၅မိနစ်တွင် ကယားပြည်နယ် လွှိုင်ကော်လေဆိပ်သို့ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်အဖွဲ့ဝင်များအား လွှိုင်ကော်လေဆိပ်အဆောက်အအုံအတွင်း၌ လေကြောင်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးသန့်စင်မိုးက လေယာဉ်ပြေးလမ်းပြုပြင်ခြင်းလုပ်ငန်း၊ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းနှင့် လေယာဉ်ပြေးလမ်းထပ်မံတိုးချဲ့တည်ဆောက်ရန် လျာထားဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ လွှိုင်ကော်လေယာဉ်ပြေးလမ်းအရှည်မှာ ယခင်က ပေ ၅၂၃၀ ရှိခဲ့ရာ ယခုအခါ လေယာဉ်ပြေးလမ်းပေ၁၈၀၀ခန့် ထပ်မံတိုးချဲ့ရန်လျာထားပြီး ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ⇨**

ကြေးမုံ The Mirror

ယနေ့ သတင်း၊ ဆောင်းပါး အညွှန်း

ဘင်္ဂလားဒေ့ရှ်၊ ဗြိတိန်၊ အမေရိကန်၊ အာဖဂန်၊ ပါကစ္စတန်၊ ထိုင်း။ လက်ဘနွန်နှင့် အစ္စရေး-ပါလက်စတိုင်း နောက်ဆုံးသတင်းများ ⇨ စာမျက်နှာ-၄၊ ၅

ဗဟိုစိုပြေငါးဈေးကြီးသို့ ပုစွန်နှင့်ငါးမျိုးစုံတို့ လှိုင်လှိုင်ဝင် (သတင်းဆောင်းပါး) ⇨ စာမျက်နှာ-၇

ဒေါက်တာခင်မောင်ညွန့်၏ "ပြာသိုလနှင့် မြင်းခင်းသဘင်ပွဲတော်" (ဆောင်းပါး) ⇨ စာမျက်နှာ-၆

- ☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
- ☆ BBC ညာနေသည်
  VOA လိမ်နေသည်
  RFA ရန်တိုက်ပေးနေသည်
- ☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား